မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၉၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့၏ လှပသာယာမှု ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငါးသုံးလုံး ရှုခင်းသာတောင်ကုန်းမှ ကော့သောင်းမြို့၏ လှပသာယာမှုရှုခင်းကို ကြည့်ရှုစဉ်။ (အောက်ပုံ)နှင့် (အောက်ဆုံးပုံ)

တိုင်းရင်းသားပြည်သူအားလုံး အလေးထားခံယူရမည့် မူဝါဒများ

ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် နိုင်ငံသားတို့၏ မွေးရာပါတာဝန်များဖြစ်၍ တပ်မတော်အပိုင်းကသာမက နယ်ဘက်ဆိုင်ရာအပိုင်းများ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးကပါ အလေးထားခံယူရမည့် မူဝါဒများဖြစ်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ပေါင်းစည်းပြီး ဒီမိုကရေစီနိုင်ငံတော်ထူထောင် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ရေး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးစားကြ

ရန်ကုန် ဧပြီ ၇

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၅ ရက် မွန်းလွဲပိုင်းတွင် လေယာဉ်ဖြင့် မြိတ်မြို့မှ ကော့သောင်းမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၈ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဝိုင်းဝန်းထိန်းသိမ်း နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ရေသဘင်ပွဲဆင်နွှဲ

တန်ခူးလသည် မြန်မာတို့၏ နှစ်သစ်ကူးသောအခါသမယ ဖြစ်သည်။ တန်ခူးလတွင် နှစ်သစ်ကူးသဖြင့် ပြည်သူတို့ ပို၍ရွှင်မြူးတက်ကြွနေကြမည် ဖြစ်သည်။ နှစ်သစ်ကူးသော သင်္ကြန်အခါဖြစ်၍ ပြည်သူတို့ အတာရေပက်ဖျန်း သွန်းလောင်းကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်သည် ရှေးထုံးအစဉ်အလာမပျက် ကျင်းပခဲ့သောပွဲတော် ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကစားခဲ့ကြသည့် ပွဲတော်လည်းဖြစ်သည်။ ရှေးခေတ်က ရေသွန်းသာကြည် ပျော်ကြသည်ကို မဟာအတုလမင်းကြီးက **"နှစ်ဆန်းငယ်သင်္ကြန် သစ်သစ်သာ ဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ ပန်ဆုယူ တာရေသွန်းချိန်မို့ လွမ်းလှတယ်လေး"**ဟု စပ်ဆိုခဲ့သည်။

တစ်ဖန် စာဆိုဦးကြော့က**"နှစ်သင်္ကြန် ကူးခေတ်ဆော်စီမံ၍ လှူဒါန်း ညောင်ရေပန်းတွေနှင့် ရေဖျန်းကိုယ်စီခံကြ စဲမည့် ပွဲတော်တွင်းမှာလ"** ဟူ၍ ရှေးခေတ်သင်္ကြန်ပွဲတော်၏ အစဉ်အလာဓလေ့ကို စပ်ဆိုဖော်ပြခဲ့ပေသည်။ စင်စစ် မြန်မာတို့၏ ရိုးရာသင်္ကြန်သည် လေးစားမြတ်နိုးဖွယ်ရာသာဖြစ်ပေသည်။ နှစ်သစ်သင်္ကြန်အခါတွင် နှစ်သက်မြတ်နိုးစရာ၊ ပျော်ရွှင်ကြည်နူးစရာများသာ ဖြစ်တော့သည်။

သို့ရာတွင် အပျော်ကို လွန်ကျူးသွားပါလျှင် ဆန့်ကျင်ဘက် ဖြစ်တတ်သည်။ အထူးသဖြင့် သူတစ်ပါးတို့အား အနှောင့်အယှက် မဖြစ်စေဘဲ ပျော်ရွှင်သင့်ပေသည်။ မွန်မြတ်သော နှစ်သစ်သင်္ကြန်ကို ညစ်နွမ်းခြင်းမပြုအောင် ဝိုင်းဝန်းစောင့်ထိန်းသင့်လှပေသည်။

သင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြရာတွင် မြန်မာ့ရိုးရာအစဉ်အလာလည်းမပျက်၊ ယဉ်ကျေးမှုဓလေ့ထုံးစံကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ကလည်း ရေသဘင်ပွဲဆင်နွှဲသူများ သတိပြုလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်များ ထုတ်ပြန်ကြေညာထားပေသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလတွင် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ရှားရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ကြရန် လိုအပ်ပေသည်။

ထို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများကို မပြုလုပ်ရန်၊ အချင်းချင်းဒဏ်ရာအနာတရ ဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများ မပြုလုပ်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်မိစေရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားသည်။

ရေသဘင်ပွဲ ဆင်နွှဲသူများသည် ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည် ဂက်စ်ဘူးများဖြင့် ကစားခြင်း၊ လေပေါင်အားများသော ကွန်ပရက်ဆာပန့်များဖြင့် အန္တရာယ်ဖြစ်လောက်အောင် ရေပက်ကစားခြင်း မပြုကြရန်နှင့် မော်တော်ယာဉ်များကို သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ လိုက်နာမောင်းနှင်ကြရန် သတိပေး နှိုးဆော်ထားပေသည်။

သို့ဖြစ်ရာ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောပက်ဖျန်းကာ မကြာမီကျရောက်တော့မည့် မဟာသင်္ကြန်ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုကို ဝိုင်းဝန်းထိန်းသိမ်း၍ ပျော်ရွှင်စွာဆင်နွှဲကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တောင်ပင်လယ်၊ ကျောက်တစ်လုံးနှင့် သမက္ကူရေလှောင်တမံများစစ်ဆေး ကျောက်ပန်းတောင်းမြို့နယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂ရက် နံနက်ပိုင်းက မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာမှ တောင်သူဦးမြင့်အောင်၏ လယ်မြေ သုံးဧကတွင် တောင်ပင်လယ်ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော မနောသုခနွေစပါးများ စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုအားပေး၍ ဒေသခံတောင်သူများအား တွေ့ဆုံကာ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြားပေးသည်။

မြင်းခြံမြို့နယ်တွင် ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၃၇၂ဧက လျာထားရာမှ ၂၃၀၇ဧက ၉၇ဒသမ၂၆ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်၍ ဧပြီလ ပထမပတ်အတွင်း ထွန်တုံးပိတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မှာကြား

ထို့နောက်တိုင်းမှူးသည် မြင်းခြံမြို့နယ် ကန်ချောကျေးရွာအနီးရှိ တောင်ပင်လယ်ရေလှောင်တမံသို့ ရောက်ရှိကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မြင်းခြံမြို့ အမှတ် (၂)ရပ်ကွက်၌ ရွှေပြည်စိုးဆေးလိပ်ခုံပိုင်ရှင် ဦးအေးလူ-ဒေါ်ယဉ်ယဉ်မိသားစုက ဆောက်လုပ်လှူဒါန်းမည့် အလျားပေ ၁၄၀၊ အနံပေ ၈၀၊ အမြင့် ၂၄ပေရှိ သာသနာ့ဗိမာန်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တောင်သာမြို့နယ် သပွတ်ပင်တဲကျေးရွာအနီးရှိ ကျောက်တစ်လုံးရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်သိန်းက ကျောက်တစ်လုံးရေလှောင်တမံရေလှောင်ပမာဏ ရေသိုလှောင်ထားရှိမှုနှင့် ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြားဆောင်ရွက်ပေး၍ ရေလှောင်တမံလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

သမက္ကူရေလှောင်တမံ

ထို့နောက် တိုင်းမှူးသည် တောင်သာမြို့နယ် ချောင်းဆုံကျေးရွာအနီးရှိ သမက္ကူရေလှောင်တမံတူးမြောင်းစနစ်နှင့် တိုးချဲ့မြေဧက ၅၀၀ စက်ရေတင်လုပ်ငန်း ရေတင်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် ကျောက်ပန်းတောင်းမြို့နယ် လှိုင်သာကျေးရွာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ လှိုင်သာကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ကြည်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ ရေအားလျှပ်စစ်စက်ရုံနှင့် တမံတည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့ လှိုင်သစ်သီးပွဲရုံလုပ်ငန်းပိုင်ရှင် ဦးမောင်လှိုင်-ဒေါ်သန်းစိန်မိသားစုက ငွေကျပ် ၁၇ သိန်း၊ မြင်းခြံမြို့ မြပွဲရုံလုပ်ငန်းပိုင်ရှင် ဦးမောင်ညို-ဒေါ်မြအေးမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ မြင်းခြံမြို့ အေဝမ်းဆေးလိပ်ခုံပိုင်ရှင် ဦးသိန်းဝင်းက အလှူရှင် ၁၅ဦးတို့က စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၂ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုတင်နှင့်ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ကြည်တို့က စက်ရုံကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးက ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားလွှတ်ပေးပြီးနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် ရေအားလျှပ်စစ်စက်ရုံနှင့် ရေလှောင်တမံတို့ကို ကြည့်ရှုအားပေးသည်။

ကျောက်ပန်းတောင်းမြို့နယ် လှိုင်သာကျေးရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ပုပ္ပားတောင်မကြီးအရှေ့မြောက်ဘက်ရှိ ရေထွက်များမှ စိမ့်ထွက်၍ စီးလာသော စိမ့်စမ်းချောင်းကို အလျား ၁၃၅ ပေ၊ အမြင့် ၂၈ ပေ၊ တမံရေဆင်း အနံပေ ၅၀၊ တမံရှေ့ခြေဆင်း ၁၅ ပေ၊ တမံထိပ်မျက်နှာပြင်အကျယ် ခုနစ်ပေရှိ တမံတည်ဆောက်ရေသိုလှောင်ထားကာ ရေအားလျှပ်စစ်စက်ရုံတွင် ကီလိုဝပ် ၃၀ ဒိုင်နမိုတစ်လုံးတပ်ဆင်ထားပြီး ကျေးရွာအတွင်း နှစ်ပေမီးချောင်း ၈၅၀ အသုံးပြု၍ ကျေးရွာရေရရှိရေးအတွက် ရေအားလျှပ်စစ်စက်ရုံမှ ပန်ကာ ၁၂ ရွက်တပ် နှစ်လက်မပန့်တပ်ဆင်ထားပြီး ရေတွန်းအားစနစ် ရေတင်ခြင်းဆောင်ရွက်ထားရှိရာ တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ တင်ပို့နိုင်ကြောင်း သိရသည်။

အကုန်အကျခံ

အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဆရာတော်ကြီးများနှင့် အလှူရှင်များက ထည့်ဝင်လှူဒါန်းငွေ၊ လှိုင်သာကျေးရွာပြည်သူများမှ လုပ်အားလှူဒါန်းမှု အပါအဝင် စုစုပေါင်းငွေကျပ် ၂၃၇သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာသင်္ကြန်
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မြန်မာသင်္ကြန်
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Time Series Analysis and Forecasting (ဒုတိယနှစ်-စီးပွားရေးအထူးပြု)
၅း၃၀ ၉။ မြန်မာသင်္ကြန်
၅း၄၀ ၁၀။ Goals Show အစီအစဉ်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၉)
၆း၄၅ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွှာနဲ့ ကြမ္မာ"** (အပိုင်း-၉)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်ကသိုင်းလုလင်"** (အပိုင်း-၁၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်စဉ်။ (သတင်းစဉ်)

သန်လျင်မြို့ သင်္ကြန်အထူးတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် ဆုထူးပန်ဓမ္မရိပ်သာတွင် ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၊ ဓမ္မကထိကအစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကဝိန္ဒ နှင့် တပည့်ယောဂီ ဒါယကာ ဒါယိကာမတို့က ဧပြီ၁၃ရက်မှ ၁၇ရက်အထိ သင်္ကြန်အထူးတရားစခန်းကို ကျင်းပမည်ဖြစ်သည်။ ဆွမ်းကွမ်းဝေယျာဝစ္စ လှူဒါန်းလိုသူများနှင့် တရားစခန်းဝင်လိုသောယောဂီများ ဖုန်း- ၀၁-၅၄၅၉၈၀ နှင့် ၀၅၆-၂၁၉၂၆တို့သို့ ကြိုတင်ဆက်သွယ်နိုင်ပြီး ဧပြီ ၁၃ရက် ညနေ ၅ နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Pham Van Cu ၊ စစ်သံမှူး Sr. Colonel, Nguyen Van Thanh နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဆိပ်ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော်ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်(Chief of General Staff) Senior Lieutenant General, Phung Quang Thanh အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင် အဖြစ်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာကျင်းပပြီးစီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲပေါင်း ၁၁၉၈တွဲရောင်းချခဲ့ရ

ရန်ကုန် ဧပြီ ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ယနေ့ နံနက် ၉နာရီမှစ၍ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ပုလဲအတွဲပေါင်း ၁၃၅တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

အောင်မြင်စွာပြီးစီး

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ၂၀၀၅ခုနှစ် ဧပြီ ၂ရက်မှ ၇ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချခဲ့ရာ ယနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် အောင်မြင်စွာပြီးစီးသွားသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ဧပြီ ၂ရက်မှ ၄ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၁၀၃၄တွဲကို လည်းကောင်း၊ ဧပြီ ၅ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၉တွဲကို လည်းကောင်း၊ ဧပြီ ၇ရက်တွင် ပုလဲအတွဲ ၁၃၅တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲ စုစုပေါင်း ၁၁၉၈တွဲကို ရောင်းချနိုင်ခဲ့သည်။

အပြိုင်ဝယ်ယူ

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၅နိုင်ငံ၊ ကုမ္ပဏီပေါင်း ၃၁၇ခုမှ ရတနာကုန်သည် ၈၉၂ဦး၊ ပြည်တွင်းကုမ္ပဏီ ၂၅၈ခုမှ နိုင်ငံသားရတနာကုန်သည် ၄၆၁ဦး စုစုပေါင်း ရတနာကုန်သည် ၁၃၅၃ ဦး တက်ရောက်ခဲ့ကြပြီး ကျောက်မျက်ရတနာများကို အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပေါင်းလကွယ်နေ့ (ဥပုသ်နေ့)
၈-၄-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀ ၆။ ဗိုလ်မြတ်ထွန်းတံတား
၈:၂၀ ၇။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
၁၈:၀၀ ၉။ ခါသင်္ကြန်အဆိုအကများ
၁၈:၀၅ ၁၀။ Discovery
၁၈:၂၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၂၂)
၁၉:၃၀ ၁၅။ ခါသင်္ကြန်အဆိုအကများ
၁၉:၄၀ ၁၆။ မြတ်နိဗ္ဗာန်မှန်းရည်မျှော် ဓမ္မရံသီဗိမာန်အလှူတော်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **'ကူညီချင်လွန်းလို့' (အပိုင်း-၂)** **လွင်မိုး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂၁။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မဟာသင်္ကြန်ရက်များအတွင်း ပုံမှန်ဖွင့်လှစ်ရောင်းချမည်

ရန်ကုန် ဧပြီ ၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ **(သတင်းစဉ်)**

၂၀၀၄ခုနှစ်တွင် ကမ္ဘာ့ဆန်ထွက်ရှိမှု တိုးတက်ခဲ့ ယခုနှစ်တွင်လည်း အထွက်တိုးမည်ဟု အက်ဖ်အေအို ပြောကြား

ဗန်ကောက် ဧပြီ ၆

ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က တစ်ကမ္ဘာလုံးဆိုင်ရာ ဆန်ထွက်ရှိမှုသည် မကြာမီနှစ်များကထက် တိုးတက်ထုတ်လုပ်နိုင်ခဲ့သော်လည်း တစ်ကမ္ဘာလုံး၏ စားသုံးမှုကို ဖူလုံစေရန်အတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ဗန်ကောက်မြို့တွင် တနင်္လာနေ့၌ ပြောကြားလိုက်သည်။

၂၀၀၄ခုနှစ်က တစ်ကမ္ဘာလုံးတွင် ဆန်တန်ချိန် ၆၀၅သန်းထုတ်လုပ်ခဲ့ရာ ၂၀၀၃ခုနှစ်ကထက် ၃ဒသမ၈ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ထိုကဲ့သို့ တိုးတက်ထုတ်လုပ်နိုင်မှုသည် မှတ်တမ်းများအရ ဒုတိယအကြိမ်မြောက် အများဆုံးထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အက်ဖ်အေအို၏ ဆန်ဈေးကွက်ဆိုင်ရာ နောက်ဆုံးသတင်းအချက်အလက်များအရ သိရသည်။

၂၀၀၄ခုနှစ်တွင် ဆန်စပါးပိုမိုရိတ်သိမ်းရရှိခဲ့မှုကြောင့် တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အီဂျစ်၊ ဘရာဇီး၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့အနေဖြင့် ဆန်စပါးကို တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ရေကြီးခြင်းနှင့် မိုးခေါင်မှုများ၏ အကျိုးသက်ရောက်မှုကြောင့် ထိုင်း၊ အိန္ဒိယနှင့် အခြားအရှေ့တောင် အာရှနိုင်ငံများတွင် ၂၀၀၄ခုနှစ်၌ ဆန်ထွက်ရှိမှု ထိခိုက်ခဲ့ရသည်။ ထို့အတူ အလယ်ပိုင်းအမေရိက၊ အီကွေဒေါနှင့်ပီရူးနိုင်ငံတို့တွင်လည်း ဆန်ထွက်ရှိမှု လျော့နည်းခဲ့ကြောင်း သိရသည်။

ယခု ၂၀၀၅ခုနှစ်တွင် ကမ္ဘာ့ဆန်ထွက်ရှိမှုသည် ယခင်နှစ်ကထက် ၁ဒသမ၅ရာခိုင်နှုန်း တိုးတက်ပြီး ဆန်တန်ချိန် ၆၁၄သန်းထုတ်လုပ်နိုင်မည် ဟု အက်ဖ်အေအိုက ခန့်မှန်းသုံးသပ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟီတာချီကုမ္ပဏီက ထုတ်လုပ်လိုက်သည့် တစ်လက်မအရွယ်ရှိ အလွန်သေးငယ်သော မှတ်ဉာဏ်သိမ်းဆည်းမှုမြင့်မားသည့် မိုက်ခရိုဒရိုက် ကိရိယာလေးတစ်ခုအား ဝန်ထမ်းတစ်ဦး ပြသနေသည်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်မှ ပီလောပီနံကော် တရုတ်သို့ ပိုမိုတင်ပို့

ဟန်နွိုင်း ဧပြီ ၆

ဗီယက်နမ်နိုင်ငံသည် မွန်ကေးနယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပီလောပီနံကော်များကို မတ်လထဲ၌ တန် ၄၀၀၀ခန့် တင်ပို့ခဲ့ရာ ဖေဖော်ဝါရီလထက် ၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့၌ ပြောကြားသည်။

ပီလောပီနံ ကော်များသည် တစ်တန်လျှင် ယွမ် ၂၀၅၀ (၂၄၆ ဒေါ်လာ) ဈေးပေါက်ရာ ယခုနှစ်အစောပိုင်း၌ တစ်တန်လျှင် ပေါက်ဈေး ယွမ် ၁၉၆၀(၂၃၅ ဒသမ ၂ဒေါ်လာ)မှ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

မိုးခေါင်

ထိုသို့ ဈေးနှုန်းမြင့်တက်လာခြင်းသည် တရုတ်၊ ဂျပန်နှင့် ဥရောပနိုင်ငံအချို့ကဲ့သို့ ဈေးကွက်များ၌ ဝယ်လိုအားပိုမြင့်လာခြင်းကြောင့်ဖြစ်သည့်ပြင် မိုးခေါင်မှုကြောင့် ပြည်တွင်းမှရရှိမှု နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ရေနံစိမ်း၊ ကျောက်မီးသွေး၊ ရော်ဘာနှင့် သီဟိုဠ်သရက်တို့ဖြင့် ၂၀၀၅ခုနှစ်တွင် တရုတ်ပြည်သို့ တင်ပို့သည့်ဝင်ငွေ ဒေါ်လာ သုံးဘီလီယံနှင့် ၂၀၁၀ပြည့်နှစ်တွင် ဒေါ်လာ ၅ဒသမ ၅ ဘီလီယံရမည်ဟု မျှော်လင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၉ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ကျေးရွာအားလုံး လျှပ်စစ်ဓာတ်အားရရှိရန် ဝန်ကြီးချုပ်ကတိပြု

နယူးဒေလီ ဧပြီ ၆

အိန္ဒိယနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၅၈နှစ်ကြာသည်အထိ လျှပ်စစ်အလင်းကို မမြင်ရသေးသော ကျေးလက်အိမ် ၇၈သန်းသို့ လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် တနင်္လာနေ့က စတင်လိုက်ပြီး ၂၀၀၉ ခုနှစ်၌ ကျေးရွာတိုင်း လျှပ်စစ်ဓာတ်အားရရှိရန် ကတိပြုလိုက်သည်။

၂၀၀၉ခုနှစ်တွင် ကျေးရွာတိုင်း လျှပ်စစ်ဓာတ်အားရရှိစေရန် မိမိတို့၏ အစိုးရအဖွဲ့ကတာဝန်ခံထားကြောင်း၊ နယူးဒေလီ၌ကျင်းပသည့် လူထုအစည်းအဝေးတွင် မန်မိုဟန်ဆင်းက ယင်းကဲ့သို့ပြောကြားခြင်းဖြစ်ပြီး ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် နှောင့်နှေးကြန့်ကြာမှုရှိမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အကောင်အထည်ဖော်

မိမိတို့အစိုးရအဖွဲ့၏ သက်တမ်းအတွင်း ယင်းစီမံကိန်းကို အကောင်အထည်ဖော်ဖြည့်စွမ်းပေးရန်မှာ အရေးအကြီးဆုံး ကတိတစ်ခုဖြစ်ကြောင်း၊ အစွမ်းကုန် အကောင်အထည်ဖော်သွားရန် မိမိတာဝန်ခံကြောင်း ၎င်းက ပြောကြားသည်။

စီမံကိန်းရည်ရွယ်ချက်သည် နိုင်ငံတစ်လွှားရှိ ကျေးရွာ ၁၂၅၀၀၀မှ နေအိမ်၇၈သန်းသို့ ငါးနှစ်အတွင်း လျှပ်စစ်ဓာတ်အားပေးမည်ဖြစ်ရာ ကုန်ကျစရိတ် ရူပီးငွေ ဘီလီယံ ၁၆၀ ရှိမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမျိုးသမီးများသာစီးနင်းရသော ရထားတွဲ တိုကျိုမြို့တွင် စတင်ပြေးဆွဲပေး

တိုကျို ဧပြီ ၆

နံနက်ခင်း အလုပ်ဆင်း အလုပ်တက် လူအသွားအလာများချိန်တွင် အမျိုးသမီးများ ရထားစီးနင်းရာ၌ ကာယိန္ဒြေကာကွယ်ပေးရန် တိုကျိုမြို့တွင် အမျိုးသမီးများသာ စီးနင်းရသော ရထားတွဲများကို တနင်္လာနေ့က စတင်စီစဉ် ပြေးဆွဲပေးခဲ့သည်။

အသုံးပြု

အချို့ဒေသများတွင် အမျိုးသမီးများသာ စီးနင်းရသော ရထားတွဲများကို အသုံးပြုနေပြီဖြစ်သော်လည်း တိုကျိုမြို့၏ ရထားစင်္ကြံများသည် လူများဖြင့် ပြည့်ကျပ်နေခြင်းကြောင့် ထိုသို့ အမျိုးသမီးများသာ စီးနင်းရသော ရထားတွဲများ ပြေးဆွဲပေးရန် နောက်ကျခဲ့ရသည်ဟု ကုန်းမြေအခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စတင်

ယခုအခါ တိုကျိုမြို့၌ အဆိုပါ ရထားတွဲများကို ရထားလိုင်းနှစ်လိုင်းတွင် ပြေးဆွဲပေးနေပြီး အမျိုးသမီးများအတွက် ရထားများပြေးဆွဲပေးရန် အချို့ရထားလိုင်းများကို မေ ၉ရက်မှ စတင်မည်ဖြစ်သည်။

တွေ့ရှိရ

ဂျေအာရ်ဆေကိုရထားလိုင်းရှိ အီကီဘူကူရိ ရထားဘူတာ၌ အလုပ်သွားအလုပ်ပြန် အမျိုးသမီးများနှင့် ကျောင်းသူများကို အမျိုးသမီးများသာ စီးရသော ရထားတွဲများပေါ်၌ တွေ့ရှိနိုင်သော်လည်း အမှုမဲ့အမှတ်မဲ့ တက်စီးကြသော အမျိုးသားများကိုလည်း ထိုရထားတွဲများပေါ်၌ တွေ့ရှိရသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အနောက်ပိုင်းတွင် အမေရိကန်စစ်အခြေစိုက်စခန်း တိုက်ခိုက်ခံရ

ဖလူးဂျာ ဧပြီ ၆

ဘဂ္ဂဒက်မြို့၏အနောက်ဘက် ကီလိုမီတာ၁၁၀ခန့်အကွာ ရာမာဒီမြို့အနီးရှိ အမေရိကန်စစ်အခြေစိုက်စ ခန်းတစ်ခုကို အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဒုံးကျည်များဖြင့် တနင်္ဂနွေနေ့၌ ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ၃၅၀ခန့်ရှိ ကိန်းမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ အီရတ်တစ်ဦးသေဆုံးပြီး အခြားလူများဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အဆိုပါတိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို ရှာဖွေလျက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။ ဒေသခံအီရတ် ၂၀ခန့်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြပြီး ယခုအချိန်အထိ ၎င်းတို့နှင့်ပတ်သက်၍ သတင်းတစ်စုံတစ်ရာမသိရသေးကြောင်းလည်း ဒေသခံများက ပြောကြားသည်။ အမည်မသိတိုက်ခိုက်ရေးသမားများက ရာမာဒီမြို့ရှိ ဒေသဆိုင်ရာ ပြည်နယ်အစိုးရ အဆောက်အအုံများကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိပြီး အန်ဘာပြည်နယ်တစ်လျှောက်တွင်လည်း နေရာဒေသအများအပြား၌ ထိုကဲ့သို့သော တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ယာဉ်ပျက်စီး

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အီရတ်ရဲတပ်ဖွဲ့မော်တော်ယာဉ်တစ်စီးကို ဧပြီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စုမားတြားပြည်နယ် နီအက်စ်ကျွန်းတွင် ရစ်ချ်တာစကေး ၄ ဒသမ ၈ရှိငလျင်ထပ်မံလှုပ်

ဂျကာတာ ဧပြီ ၆

ရစ်ချ်တာစကေး ၈ ဒသမ ၇ရှိ အလွန်ပြင်းထန်သည့် ငလျင်တစ်ခုတုန်လှုပ်ခဲ့ပြီးနောက် တစ်ပတ်သာကြာသည့် တနင်္လာနေ့တွင် စုမားတြားပြည်နယ်မြောက်ပိုင်းရှိ နီအက်စ်ကျွန်း၌ ရစ်ချ်တာစကေး ၄ဒသမ၈ ရှိသော အခြားငလျင်တစ်ခု ထပ်မံတုန်လှုပ်ခဲ့သည်။

ကိုးကား

နီအက်စ်ကျွန်း၌ တနင်္လာနေ့က နောက်ဆုံးထပ်မံတုန်လှုပ်ခဲ့သော ငလျင်သည် နှစ်မိနစ်ခန့်ကြာခဲ့ကြောင်း နီအက်စ်မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ လီဒိုဖင်တာ၏ ပြောကြားချက်ကို အင်တာရာ သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

ဖော်ပြ

မတ်လ ၂၈ရက်က ငလျင်တုန်လှုပ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် နီအက်စ်ကျွန်း၌ ပြင်းအားရစ်ချ်တာစကေး ၃နှင့် ၇ ဒသမ ၅အကြားရှိ ငလျင်ပေါင်း ၅၀ ကျော် တုန်လှုပ်ခဲ့ကြောင်း အင်တာရာသတင်းဌာနက ဖော်ပြသည်။

ပို့ဆောင်

နီအက်စ်ကျွန်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၁နှင့် ၆ ဒသမ ၃ရှိ အင်အားပြင်းထန်သော ငလျင်နှစ်ခု ပြီးခဲ့သည့် တနင်္ဂနွေနေ့က တုန်လှုပ်ခဲ့သဖြင့် အထိတ်တလန့် ဖြစ်နေသည့် ဒေသခံများအား ပျက်စီးနေသော ကျွန်း၏အဓိကမြို့ဖြစ်သော ဂူနန်ဆီတိုလီမြို့ရှိ ဘေးလွတ်ရာနေရာသို့ အမြန်ပို့ဆောင်ပေးခဲ့ရသည်။

ဘေးကင်း

အဆိုပါ ငလျင်ကြောင့် လွန်ခဲ့သည့်ရက်သတ္တပတ်က တုန်လှုပ်ခဲ့ရာတွင် အသက်မသေဘဲကျန်ရစ်သူ လူနာများအား ဂူနန်ဆီတိုလီဆေးရုံကလည်း ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

၂၀၀၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေ ကိုယ်စားလှယ် Dr. Agostino Borra နှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang ၏ ပေးပို့သောသဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ပြခန်းကို လှည့်လည် ကြည့်ရှုအားပေးသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Make every mother and child count" ဖြစ်ပြီး မြန်မာလိုဆောင်ပုဒ်မှာ **"မိခင်ရင်သွေး ကျန်းမာမှု့ဘောင်ဘဝ စဉ်လုပ လူတိုင်းပါဝင်ဆောင်ရွက်ကြ"** ဖြစ်သည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ဧပြီ ၁၃ ရက်မှ ၁၇ ရက် (သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့)အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်ပေး တရားစခန်းဖွင့်လှစ်မည် ဖြစ်သည်။ စာရင်းပေးသွင်းထားသော ယောဂီများသည် ဧပြီ ၁၂ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဗီဝိတဒါနငါးလွှတ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တွင် ဂေါပကအဖွဲ့က ကြီးမှူး၍ သတ္တမအကြိမ် ဗီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၉ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ၁၇-၄-၂၀၀၅ ရက် ညနေ ၄ နာရီတွင် အဆိုပါစေတီဂန္ဓကုဋိတိုက်၌ သီလဆောက်တည်ခြင်း၊ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်းများကိုပြုလုပ်ပြီး ညနေ ၄ နာရီခွဲတွင် သာသနာ့အလံကိုင်အဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များဦးဆောင်၍ အိုးစည်၊ ဒိုးပတ်အဖွဲ့များဖြင့် ဘာသာရေးအဖွဲ့များက စွယ်တော်မြတ်စေတီတော်ကြီးအား လက်ယာရစ်ပူဇော်ပြီး မင်္ဂလာကန်တော်သို့ သွားရောက်ကာ ဗီဝိတဒါန ငါးလွှတ်ကြမည် ဖြစ်သည်။

အဆိုပါနေ့တွင် ဗီဝိတဒါန ငါးလွှတ်လိုသော ရဟန်းရှင်လူ ပြည်သူများသည် စွယ်တော်မြတ်စေတီတော် ပရဝဏ်အတွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ငါးများဝယ်ယူပြီး ဗီဝိတဒါန ငါးလွှတ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း မင်းလှ အထကကျောင်းသားဟောင်းများ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

ပဲခူးတိုင်း မင်းလှမြို့ အစိုးရအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများက ကြီးမှူး၍ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် မြို့တွင်း အထက သပြေခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာဆရာမများနှင့် မြို့နယ်အသီးသီးရှိ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ဦးသန်းစိုး ဖုန်း-၀၁-၅၃၄၇၃၆၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၀၁-၅၃၅၃၈၃၊ မင်းလှမြို့တွင် ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ဒေါ်စမ်းမော်ချို၊ ဒေါ်တင်တင်အေး၊ ဦးမြတ်ကို၊ ဦးသောင်းရွှေ၊ ဒေါ်ချိုချိုခိုင်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူ သင်္ကြန်အဘိဓမ္မာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝိမလ(မိုးကောင်း)၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဇဝနတိက္ခ(မုံရွာ)၊ တောင်ဥက္ကလာပမြို့ အမှတ်(၆)ဝိုင်း သဲအင်းဂူ ဝိပဿနာရိပ်သာကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ စိန္တာမယ အရှင်သူမြတ်တို့က ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ သင်္ကြန်အဘိဓမ္မာ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်၍ သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသူများသည် ဧပြီ ၁၂ ရက် (အင်္ဂါနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက် စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) **ရောဂါဖြစ်ပွားကူးစက်ပုံ**
- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါ ဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်းသလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေးလူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) **ရောဂါလက္ခဏာများ**
- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ်(၃)ပတ်နှင့်အထက်)၊
- ချောင်းဆိုးသွေးပါခြင်း၊
- သလိပ်တွင်သွေးပါခြင်း၊
- အဖျားတာရှည်ခြင်း၊
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း၊
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း၊
- ကျောရင်အောင့်ခြင်း။

(ဂ) **ကြိုတင်ကာကွယ်ခြင်း**
- ရင်သွေးငယ်များအား ကာကွယ်ဆေး(ဘီစီဂျီ)ကို မပျက်မကွက် ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပုဝါကို အသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။

(ဃ) **ကုသမှုခံယူခြင်း**
- "တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တို့ ပူးပေါင်းဖွင့်လှစ်သည့် မူလတန်းကြိုဆရာမ သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁ ရက်က တာမွေမြို့နယ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (၁၁၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၅
(သောကြာနေ့)

၇:၀၀	အဖွင့်အစီအစဉ်
၇:၀၅	စစ်ကိုင်းတောင်ရိုးမညှိုးသည့်သာသနာ အပိုင်း(၂)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်း
၇:၃၀	သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့ သွားရောက်လေ့လာခြင်း)
၇:၅၀	မန်းချောင်းတံတား
၇:၅၅	ခါသင်္ကြန်အဆိုအက
၈:၀၀	နိုင်ငံတကာသတင်း
၈:၀၅	ခါသင်္ကြန်အဆိုအက
၈:၁၀	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၈:၂၀	UEFA Stories Euro 2004 Group (C)
၈:၅၅	ပြည်တွင်းသတင်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	မြန်မာစာမြန်မာစကား
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	သစ်သီးဝလံပေါပြည့်ဝေဆာဥယျာဉ်ခြံမှာ (ဒူးရင်း၊ကြက်မောက်)
၉:၄၀	ခါသင်္ကြန်အဆိုအက
၉:၄၅	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၀:၃၀	နိုင်ငံတကာသတင်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	အလင်္ကာကျော်စွာကာတွန်းဆရာ (ဦးဘဂျမ်း)
၁၀:၄၅	ခါသင်္ကြန်အဆိုအက
၁၀:၅၀	ပန်းချီဝင်းမြင့်မိုး၏ဆီဆေးပန်းချီ
၁၁:၀၀	အပိတ်

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ် ခေါင်လံဖူး ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၇

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် ခေါင်လံဖူးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဧပြီ ၃ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား(၁၀)ဝပ်၊ လိုင်းနံပါတ်(၆)ဖြင့် ဧပြီ ၄ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးတင်စကားပြောကြား

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားတက်ရောက်အားပေး ဆေးရုံဆိုင်းဘုတ်ကို နံ့သာရည်များ ပက်ဖျန်းပေး၊ ဆေးရုံအတွင်းလှည့်လည်စစ်ဆေး

ရန်ကုန် ဧပြီ ၇

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ရက် နံနက် ၁၀နာရီတွင် အဆိုပါဆေးရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အားပေးသည်။

တက်ရောက်

ကော့သောင်းမြို့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆေးရုံအလှူရှင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မျိုးဆက်သစ်လူငယ် တိုင်းရင်းသား တိုင်းရင်းသူများက ရတနာရွှေကြိုးကိုဆွဲ၍ ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဆေးရုံအလှူရှင် Andaman Club Co., Ltd.ဥက္ကဋ္ဌ Mr. Vikrom Aisiriတို့က ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကမ္ပည်းမော်ကွန်းဖွင့်

ဆက်လက်၍ ဆေးရုံကမ္ပည်းမော်ကွန်းဖွင့်ပွဲ အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်း၊ အရေးပေါ်ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းမကြီး၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သီးသန့်ခန်းများနှင့် ကျန်းမာရေးပညာပေး ပိုစတာများ ပြသထားမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ခန်းမဆောင်ကြီး၌ ဖွင့်ပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ အလှူရှင် Mr. Vikrom Aisiri က ကော့သောင်းဒေသမှ ပြည်သူများအတွက် ဆေးရုံဆောက်လုပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဝမ်းသာကြည်နူးမှုဖြစ်ရပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် Mr. Vikrom Aisiriက ဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်ဇော်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား Mr. Vikrom Aisiri က ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို ဝေးလံသော နယ်စပ်အစွန်အဖျားဒေသများပါမကျန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့ခန့်ထားပေး

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဆိုသည့် လူမှုရေးဦးတည်ချက်ချမှတ်ပြီး ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမစသည့် ကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့ခန့်ထားပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်း၌ ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၂၂ ရုံ၊ ကျန်းမာရေးဌာန ၈၆ ခုနှင့် တိုင်းရင်းဆေးပေးခန်း လေးခုသာရှိခဲ့ကြောင်း၊ ယခုအခါ ဆေးရုံပေါင်း ၂၇ ရုံ၊ ကျန်းမာရေးဌာန ၈၈ ခု၊ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ တစ်ရုံ၊ တိုင်းရင်းဆေးပေးခန်း ရှစ်ခုနှင့် သားဖွားသင်တန်းကျောင်း တစ်ခုတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆေးရုံ ၁၀ ရုံကိုလည်း ခုတင်အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း။

ဤဆေးရုံအလှူရှင် အနေဖြင့် ဆေးရုံအဆောက်အအုံနှင့်အတူ လူနာခုတင်များ၊ လျှပ်စစ်မီး၊ အဝီစိတွင်းနှင့် ရေတင်စက်တို့ကို လှူဒါန်းခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆေးပစ္စည်းကိရိယာသစ်များ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများ၊ အခြားအဆင့်ဝန်ထမ်းများအား ခန့်ထားပေးခဲ့ကြောင်း။ ***စာမျက်နှာ ၇ ကော်လံ ၁***

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဆေးရုံအလှူရှင် Andaman Club Co., Ltd. ဥက္ကဋ္ဌ Mr. Vikrom Aisiri တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ သစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆မှ

ဆေးရုံအဆောက်အအုံနှင့် အခြားဆက်စပ်သည်များကို လှူဒါန်းပေးသည့် အလှူရှင် Andaman Club Co., Ltd.ဥက္ကဋ္ဌအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ ဝန်ကြီးအနေဖြင့်လည်းကောင်းကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဖွင့်ပွဲအပြီးတွင် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာနှင့် ပတ်ဝန်းကျင်အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားတွင် ကော့သောင်းမြို့ပြည်သူ့ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် Mr. Vikrom Aisiri **က ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်ထံ လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)

မအူကုန်းဓမ္မာရုံ သက်ကြီးပူဇော်ပွဲနှင့် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၇

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေး အသင်းက ကြီးမှူး၍ (၁၄)ကြိမ်မြောက် စုပေါင်းသက်ကြီးပူဇော်ပွဲကို မေ ၁၇ရက် (နှစ်ဆန်းတစ်ရက်)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ကို မေ၁၉ရက်မှ မေ ၂၃ရက်အထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ဖျော်ရည်၊ ဝေယျာဝစ္စလှူဖွယ်ပစ္စည်းများ၊ ပဋ္ဌာန်းကန်တော့ပွဲများ စသည်တို့ကို လှူဒါန်းလိုပါက ဓမ္မာရုံတည်ရာ အမှတ် (၄၃) ၁၃၈လမ်း မအူကုန်းရပ်ကွက် တာမွေမြို့နယ်တွင် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြည်ခရိုင်အတွင်း ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၅ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ဇီးကုန်းမြို့နယ် ဘော်ဘင်ချောင်းအနီး ချောင်းဖြတ် ပေ ၂၀ တံတားနှစ်စင်း ဆောင်ရွက်ရမည့်နေရာကိုကြည့်ရှုပြီး ရွှေဖလားရွာနှင့် ရွာသာယာရွာတို့၌ လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာသို့ ရောက်ရှိပြီး ဆီဆုံကုန်းရွာမှ ပေါင်းတည်မြို့နယ် ကြာနီကန်ရွာအထိ စုစုပေါင်း မိုင် ၂၀အနက် ၁၆ မိုင် ခြောက်ဖာလုံ ဆောင်ရွက်ပြီးစီးပြီး ကျန်ရှိသည့် လေးမိုင်ကို စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နတ်တလင်းမြို့နယ် ထန်းတောစုရွာနှင့် ဆဲကန်ရွာမဆက်သွယ်သည့် တောင်ညိုချောင်းကူးတံတား တည်ဆောက်မည့် နေရာကို စစ်ဆေးရွေးချယ် သတ်မှတ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပေါင်းတည်မြို့နယ်သို့ ရောက်ရှိပြီး ပေါက်တောရွာနှင့် သဲကုန်း-အဂ္ဂရွာ ဆက်သွယ်ပေးသည့် ဝဲကြီးချောင်းကူးတံတား တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ ပုံချီတက်ရွာအနီး အရှည် ၄၅ ပေ အကျယ် ၁၄ ပေရှိ ဆူးပုတ်ချောင်းတံတား တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ပေါက်ခေါင်းမြို့နယ်မှ အောင်လံမြို့နယ် စပ်ပို့င့် ၈၇၇အထိ ကျောက်ချောလမ်း ၃၃ မိုင်ဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ ငါးမြွေစင်းကျေးရွာ ချောင်းကူးတံတား တည်ဆောက်ရန် လျာထားသည့် နေရာကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျွန်းတောကြီး ရှင်းလင်းဆောင်၌ ပဲခူးတိုင်း(အနောက်ပိုင်း) နှင့် မကွေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ရေး တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာဘီယာဂါရီလီမိတက်မိသားစု လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်

ရန်ကုန် မေ ၇

မြန်မာဘီယာဂါရီ လီမိတက် (Myanmar Brewery Ltd.) မိသားစုက လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာဘီယာဂါရီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng က အဖွင့်စကားပြောကြားသည်။

ထို့နောက် လူမှုရေးအဖွဲ့အစည်းအသီးသီးသို့ အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာဘီယာဂါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး၊ အထွေထွေမန်နေဂျာ Mr. David Teng ဒုတိယအထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (အငြိမ်းစား) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီး H.E.Mr. T. Jasudasen တို့က အလှူငွေကျပ်သိန်း ၃၀ စီကို ဥက္ကံမြို့ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း၊ ကော့မှူးမြို့နယ် အောင်ဇမ္ဗူလှူငယ်ဖွံ့ဖြိုးရေးဂေဟာ၊ မသန်မစွမ်းကလေးများကျောင်း၊ အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့ **(အောက်ပုံ)**၊ မေရီချ(ပ်)မင်းနားမကြားသော ကလေးများကျောင်းနှင့် ခရစ်ယာန်မျက်မမြင်အသင်းများမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

အလားတူ မြန်မာဘီယာဂါရီလီမိတက်မှ လူမှုရေးဆောင်ရွက်မှုအသင်းသားများကလည်း လူမှုရေး အသင်းအဖွဲ့ခုနစ်ဖွဲ့သို့ ဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့် အဝတ်အထည်နှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့က ဆောင်ရွက်နေသည့် လူမှုရေးဆောင်ရွက်နေမှု အကျဉ်းကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပွဲတော်ဖွင့်

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃) ရပ်ကွက်လုံးဆိုင်ရာ (၄၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၃ရက်က ရပ်ကွက်ဓမ္မာရုံမုခ်ဦးတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးစိုးလွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းကြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

တားမြစ်

အရက်၊ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မိုးညှင်းအရှင်ဇနကတရားပွဲ

ရန်ကုန် မေ ၇

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် မိုးညှင်းအရှင်ဇနက (ဓမ္မာစရိယ) ဆရာတော်သည် မဟာသင်္ကြန်အကျနေ့(ဧပြီ ၁၄ရက်) မွန်းလွဲ ၂နာရီတွင် ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဟုသိရသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

တာဝန်ရှိသူများကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်တွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်း၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးလှဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကော့သောင်း မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် မြို့ပတ်လမ်းတစ်လျှောက်ရှိ ရွှေပြည်သာရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရွှေဇင်ယော်ရပ်ကွက်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဘုရင့်နောင်အငူပတ်ဝန်းကျင်၊ မြို့မဆိပ်ကမ်းအနီး မြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်းနှင့် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင် ကုန်းမြေသို့ သွားရောက်ကြပြီး ဘုရင့်နောင်မင်းတရားကြီးရုပ်တုနှင့် ဘုရင့်နောင်ကုန်းမြေ သာယာလှပရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ငါးသုံးလုံးရှုခင်းသာ တောင်ကုန်းသို့ သွားရောက်ကြပြီး ကော့သောင်းမြို့၏ လှပသာယာမှုများကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ကော့သောင်းမြို့ ပြည်တော်အေး စေတီတော်သို့ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်ရင်ပြင်ရှိ ဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ပြည်တော်အေးစေတီတော်အား လှည့်လည်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

အလေးထားရမည့်မူဝါဒ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်မှာကြားရာ၌ ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် နိုင်ငံသားတို့၏ မွေးရာတာဝန်များဖြစ်၍ တပ်မတော်အပိုင်းကသာမက နယ်ဘက်ဆိုင်ရာ အပိုင်းများအပါအဝင် တိုင်းရင်းသား ပြည်သူအားလုံးကပါ အလေးထားခံယူရမည့် မူဝါဒများဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အင်အားစု သုံးရပ်ပေါင်းစည်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြရမှာဖြစ်ကြောင်း။

ကြိုးစားထူထောင်

ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအောင် ကြိုးစားထူထောင်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

တပ်မတော်သားများနှင့်မိသားစုများ၊ ဌာနဆိုင်ရာများအား ဗိုလ်ချုပ်မှူးကြီး မတွေ့ဆုံမီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကြိုတင်လာရောက် တွေ့ဆုံပြီး ကော့သောင်း ခရိုင်နှင့်မြို့နယ်၏ လူတစ်ဦးချင်းဝင်ငွေ၊ ဒေသဝမ်းစာဖူလုံမှု၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်း၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ၊ ဒေသ၏ တည်ငြိမ်အေးချမ်းမှုများကို တာဝန်ရှိသူများအားမေးမြန်းပြီးမှာကြားရာ၌ ဤကော့သောင်းဒေသသည် နိုင်ငံတော်၏ တောင်ဘက်စွန်းနယ်စပ်ဒေသဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

မိမိတို့ရောက်ရှိလာသည့်အခါတိုင်း လေ့လာကြည့်ရာ၌ ကော့သောင်းဒေသသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကော့သောင်းမြို့အပါအဝင် အလားတူ နယ်စပ်ဒေသမြို့များဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူးတို့သည်လည်း အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်လျက်ရှိကြကြောင်း။

ဗုဒ္ဓရုပ်ပွားတော် ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ ပြည်တော်အေး စေတီတော်ရင်ပြင်ရှိဆုတောင်း ပြည့်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ မှန်ကန်သောခေါင်းဆောင်မှုအောက်၌ တိုးတက်မှု၊ အောင်မြင်မှုများရရှိနေ ဝန်ထမ်းများနှင့်ပြည်သူများ ညီညွတ်စွာ ချမှတ်ပေးထားသည့်အစီအမံများ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းသို့တိုးတက်မှု၊ အောင်မြင်မှုများရရှိနေသည်မှာ နိုင်ငံတော်၏ မှန်ကန်သောခေါင်းဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ညီညီညွတ်ညွတ် ယုံယုံကြည်ကြည်ချမှတ်ပေးထားသည့် အစီအမံများအတိုင်း ကြိုးစားပမ်းစား ပူးပေါင်းဆောင်ရွက်ကြ၍ဖြစ်ကြောင်း။

သယ်ပိုးဆောင်ရွက်

ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ တိုးတက်မှုသဘောအရ ရပ်တန့်ထား၍ မရဘဲ ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင်၊ ကောင်းသည်ထက် ကောင်းအောင် သယ်ပိုးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ကော့သောင်းဒေသသည်လည်း စီးပွားရေးအရ တိုးတက်ခိုင်မာအောင်၊ လူတစ်ဦးချင်းဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း။

စီးပွားရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်ခိုင်မာလာမှုလည်း နယ်စပ်ဒေသများ၌ အမျိုးသားရေး ဂုဏ်သိက္ခာ၊ အမျိုးသားရေးအားမာန်တို့ကို ထိန်းသိမ်းမြှင့်တင်ထားနိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧပြီ ၅ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြိတ်မြို့ ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့်မိသားစုများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားရေးဂုဏ်သိက္ခာနှင့် အားမာန် ထိန်းသိမ်းမြှင့်တင်

- ကော့သောင်းဒေသသည်လည်း စီးပွားရေးအရ တိုးတက်ခိုင်မာအောင်၊ လူတစ်ဦးချင်းဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာအောင် ဆက်လက်ကြိုးစား။
- စီးပွားရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်ခိုင်မာလာမှုလည်း နယ်စပ်ဒေသများ၌ အမျိုးသားရေး ဂုဏ်သိက္ခာ၊ အမျိုးသားရေးအားမာန်တို့ကို ထိန်းသိမ်းမြှင့်တင်ထားနိုင်မည်။

အရောင်အသွေး လှပသော အစားအစာတိုင်း စိတ်မချရ

ခဲသတ္တုအဆိပ်အန္တရာယ် သတိပြုကြ

မြန်မာနိုင်ငံတွင် ပြုလုပ်ရောင်းချနေသည့် အစားအစာအချို့၏ အရောင်သည် နဂိုမူရင်း အရောင်မဟုတ်ဘဲ ရောင်းပန်းလှစေရန် အတုအပ ပြုလုပ်ထားသော အရောင်များဖြစ်ကြသဖြင့် အန္တရာယ်ရှိသည်။ ယင်း အစားအစာအချို့တွင် ခဲသတ္တုပါဝင်နေကြောင်း သိရသည်။လူတို့၏ ပတ်ဝန်းကျင်တွင် ခဲသတ္တုသည် နေရာတိုင်း၌ ရှိနေသည်။ သတ္တုတွင်းများ တူးဖော်ခြင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ (Fossil fuels) ထုတ်လုပ်ခြင်းနှင့် လောင်ကျွမ်းခြင်းတို့ကြောင့် ခဲသတ္တုများ လူ့ပတ်ဝန်းကျင်တွင် အမြဲရှိနေသည်။ ခဲသတ္တုသည် လူ့ခန္ဓာကိုယ်အတွင်းတွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်း ကောင်း မပျက်စီးသွားနိုင်ပါ။ လူ့ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများတွင်လည်း ပါဝင်ခြင်းမရှိပါ။ **ခဲသတ္တုသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိပြီး အထူးသဖြင့် ကလေးသူငယ်များတွင် ပို၍ ဆိုးကျိုးသက်ရောက်နိုင်သည်။ ယင်းအဆိပ်သင့်ခြင်းကြောင့် အစဦးပိုင်းတွင် ရောဂါလက္ခဏာများ သိသာထင်ရှားစွာ မပြသဖြင့် စောစီးစွာ ရောဂါဖော်ထုတ်ကုသနိုင်ခြင်းများ မရှိဘဲ ဖြစ်တတ်သည်။**

ခဲသတ္တုအဆိပ်သည် လူ့ခန္ဓာကိုယ်တစ်ခုလုံးအပေါ်တွင် ဆိုးကျိုးသက်ရောက်ရာ၌ အဓိကအားဖြင့် ဖွံ့ဖြိုးနေသောဦးနှောက်နှင့်အာရုံကြောစနစ် အပေါ်တွင် ပို၍ ဆိုးကျိုးဖြစ်စေနိုင်သည်။ယင်းဆိုးကျိုးများသည် သွေးထဲရှိ ခဲသတ္တုပမာဏနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိကြောင်း အထင်အရှားသိရှိပြီးဖြစ်သည်။

ကမ္ဘာ့နိုင်ငံအများတွင် ပတ်ဝန်းကျင်ရှိ ခဲသတ္တုပမာဏကို လျှော့ချသည့် အစီအစဉ်များ လုပ်ဆောင်နေကြသော်လည်း လူသားများနှင့် ထိတွေ့နေမှုမှာ လူထုကျန်းမာရေးပြဿနာ တစ်ရပ်အနေဖြင့် ရှိနေပေသေးသည်။ စက်ကိရိယာများ မောင်းနှင်ရာတွင် အသုံးပြုသော လောင်စာဆီများမှ အင်ဩဂဲနစ် (Inorganic) ခဲသတ္တုထုတ်လွှတ်ခြင်းသည် အချို့သောနိုင်ငံများအတွက် အဓိကအကြောင်းရင်းဖြစ်ပြီး အချို့နိုင်ငံများတွင်မူ လုပ်ငန်းခွင်နှင့် အစားအသောက်များကြောင့် ပိုဖြစ်သည်။

ကလေးများတွင် ခဲသတ္တု ၁၀–၁၅မိုက်ခရိုဂရမ်/ဒက်ဆီလီတာ ပမာဏ သွေးတွင်ရှိရုံမျှနှင့် ပြန်လည်ကုသ၍မရနိုင်သော စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ၊ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျခြင်းများ၊ အပြုအမူ ပြောင်းလဲမှု ချွတ်ယွင်းချက်များကို ဖြစ်စေသည်။ ဤအချက်များကြောင့် ထိခိုက်မှုသည် ကလေးများပေါ်တွင် သာမကဘဲ နိုင်ငံတစ်နိုင်ငံလုံး၏ မျိုးဆက်သစ်အပေါ် ဆိုးကျိုးသက်ရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။

ခဲသတ္တုကြောင့် လူသားများ၏ ကျန်းမာရေးအတွက် အန္တရာယ်များစွာ ရှိနေသော်လည်း ယင်း၏ မပျက်စီးနိုင်ခြင်း၊ ပျော့ပျောင်း၍ အလွယ်တကူ ပုံသဏ္ဌာန်ဖော်နိုင်ခြင်း၊ X-ray စသည့် ဓာတ်ရောင်ခြည်များ မထိုးဖောက်နိုင်ခြင်း၊အက်ဆစ်/အယ်လ်ကာလီ စသည်တို့၏ တိုက်စားမှုများမှ ခံနိုင်ရည်ရှိခြင်း စသည့် အမျိုးမျိုးသော အာနိသင်များကြောင့် ယင်းကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံး ပြုလျက် ရှိနေဆဲဖြစ်သည်။

ခဲသတ္တုကို ဘက်ထရီအိုးများနှင့် ခဲယမ်းမီးကျောက်များ၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ အမိုးပြားများ၊ စဉ့်ထည်ပစ္စည်းများ၊ X-ray ကို အကာအကွယ်လုပ်သော ပစ္စည်းများ၊ ခဲသတ္တုပါဝင်သော လောင်စာဆီများ၊ အိမ်သုတ်ဆေးများ၊ သိပ္ပံသုံးပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုကြသည်။

အစားအစာများနှင့် ခဲသတ္တု

အစားအစာများတွင် ခဲသတ္တုပါဝင်မှုကို လေ့လာကြည့်လျှင် အပင်ပေါက်ရာမြေကြီးမှလည်းကောင်း၊ အစားအစာများ ပြင်ဆင်သိုလှောင်ရာမှလည်းကောင်း၊ အစားအစာများကို ခဲဂဟေဆက်ထားသော စည်သွတ်ဘူးများတွင် ထည့်သွင်းထားရှိလျှင် လည်းကောင်း၊ စဉ့်ထည်ပစ္စည်းများတွင် အစားအစာများ ပြုလုပ်ခြင်း၊ သိုလှောင်ခြင်းကြောင့်လည်းကောင်း၊ ဖုန်မှုန့်များမှလည်းကောင်း၊ ခဲသတ္တုပါဝင်သော ရေကို အစားအစာပြုလုပ်ရာတွင် အသုံးပြုလျှင်သော် လည်းကောင်း၊ ခဲသတ္တုကို အရောင်ဆိုးဆေးအဖြစ် အသုံးပြုလျှင်သော် လည်းကောင်း ပါဝင်နိုင်ကြောင်း တွေ့ရှိရပါသည်။

အချဉ်ဖောက်ထားသော ဖျော်ရည်များကို စဉ့်ထည်ပစ္စည်းများဖြင့် သိုလှောင်ခြင်းများ ရှေးယခင်ကပင်ရှိခဲ့ပြီး ယင်းကြောင့် အဆိပ်သင့်နိုင်ခြင်းကိုလည်း သိရှိခဲ့သည်။ ခရစ်တော်မပေါ်မီ ရာစုနှစ်များတွင် မူးမတ်မျိုးနွယ်အထက်တန်းလွှာ အမျိုးသမီးများသည် စဉ့်ထည်ပစ္စည်းများ၌ သိုလှောင်ထားသော ဝိုင်အရက်ကို သောက်သုံးခြင်းကြောင့် ကလေးမရရှိနိုင်ခြင်းများ ဖြစ်ခဲ့သည်။ ချဉ်သောအစားအစာဖြစ်ခြင်း၊ ကြာရှည်စွာ သိုလှောင်ထားခြင်း၊ အပူပေးခြင်းတို့သည် ခဲသတ္တုကို ပို၍စိမ့်ထွက်စေသည်။

ခဲသတ္တုနှင့် လူတို့ထိတွေ့နိုင်ပုံ

- ခဲဂဟေဆော်ထားသော စည်သွတ်ဘူးအစားအစာများ စားသောက်ခြင်း၊ စဉ့်ထည်ပစ္စည်းများနှင့် ပြုလုပ်သိုလှောင်ထားသော အစားအစာများကို စားသောက်ခြင်း။
- ခဲသတ္တုကို အရောင်ဆိုးဆေးအဖြစ် အသုံးပြုထားသော အစားအစာများကို စားခြင်း။
- ရှူသွင်းသော လေ၊ သောက်သုံးသောရေ၊ ခဲသတ္တုပါဝင်သော ဖုန်မှုန့်များကို ထိတွေ့ခြင်းနှင့် မျိုချမိခြင်း။
- ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေးများ အသုံးပြုထားသော နေရာများတွင် နေထိုင်ခြင်း။
- ခဲသတ္တုအသုံးပြုသော လုပ်ငန်းများလုပ်ကိုင်ခြင်း (ဘက်ထရီအိုး ပြုပြင်ရောင်းချခြင်း၊ စဉ့်ထည်ပစ္စည်းများ ပြုလုပ်ခြင်း၊ ဂဟေဆော်လုပ်ငန်းများ၊ ဆေးသုတ်လုပ်ငန်းများ)။
- ခဲသတ္တုပါဝင်သည့် အခြားသောပစ္စည်းများ ဥပမာ–အလှပြင်ပစ္စည်းများ၊ ဆံပင်ဆိုးဆေးများ အသုံးပြုခြင်း။
- ခဲသတ္တုကို အသုံးပြု၍ ပန်းပုထုခြင်း၊ ဖန်ထည်ပစ္စည်းများ ဆေးဆိုးခြင်း။

ပါမောက္ခဒေါက်တာ ပိုင်စိုး
(ဆေးသုတေသနဦးစီးဌာန)

ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်သော ခဲသတ္တုပမာဏသည် အစာစားသည့်အချိန် (အစာအိမ်ထဲ၌ အစာရှိချိန်၊ အစာမရှိချိန်)၊ အသက်အရွယ်၊ မျိုချလိုက်သော ပမာဏများအပေါ်တွင် မူတည်သည်။ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ပြီး အချိန်အနည်းငယ်အတွင်း သွေးနှင့် အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများသို့ ရောက်ရှိနိုင်သည်။ ရက်သတ္တပတ်များကြာပြီးလျှင် အများစုသည် သွားနှင့် အရိုးများထဲ ရောက်ရှိသွားသည်။ လူကြီးများတွင် ခန္ဓာကိုယ်ထဲမှ ခဲသတ္တု၏ ၉၀ရာခိုင်နှုန်းသည် ရက်သတ္တပတ်များအတွင်း တစ်နည်းနည်းဖြင့် ပြန်လည်ထွက်သွားနိုင်သော်လည်း ကလေးများတွင်မူ ၃၂ ရာခိုင်နှုန်းသာ ပြန်ထွက်သွားနိုင်သည်။ ခဲသတ္တုနှင့် ကြာရှည်စွာ ထိတွေ့နေလျှင် ခန္ဓာကိုယ်ရှိ အသားစတစ်ရှူး(Tissue)များထဲတွင် ခဲသတ္တုများ စုပုံလာနိုင်သည်။ အထူးသဖြင့် အရိုးများတွင် အများဆုံး နှစ်ကာလကြာရှည်စွာ တည်ရှိနိုင်သည်။

ခဲသတ္တု၏ ဆိုးကျိုးများ

ကလေးများတွင်–

- ဦးနှောက်နှင့် အာရုံကြော အဖွဲ့အစည်းကို ထိခိုက်ခြင်း။
- အပြုအမူနှင့် သင်ကြားမှုဆိုင်ရာ ပြဿနာများရှိခြင်း။
- ကြီးထွားမှုနှေးကွေးခြင်း။
- အကြားအာရုံ ပြဿနာများဖြစ်ခြင်း။
- ခေါင်းကိုက်ခြင်း။

လူကြီးများတွင်–

- ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ ကလေးအသေမွေးခြင်း။
- အခြား မျိုးပွားအင်္ဂါ ပြဿနာ များဖြစ်ခြင်း။
- သွေးတိုးခြင်း။
- အစာအိမ်လမ်းကြောင်းပြဿနာများဖြစ်ခြင်း။
- အာရုံကြောအဖွဲ့အစည်းရောဂါများဖြစ်ခြင်း။
- မှတ်ဉာဏ်နှင့် မှတ်သားမှုတွင် ပြဿနာများဖြစ်ခြင်း။။
- ကြွက်သားနှင့် အဆစ်များ နာကျင်ခြင်း။

မြန်မာနိုင်ငံတွင် ငံပြာရည်၊ ငါးပိရည်ကျို၊ အသီးအရွက် ချဉ်ဖတ်များကို ခဲပါဝင်သော စဉ့်ထည်အိုးများတွင် ပြုလုပ်ခြင်း၊ သိုလှောင်ခြင်းများ ရှိကြသည်။ ပုစွန်ခြောက်၊ အချဉ်ထုပ်၊ မှုစ်နှင့် လက်ဖက်တို့တွင် အရောင်လှစေရန်အတွက်လည်း အသုံးပြုသော ဆိုးဆေးများတွင် ခဲပါဝင်ကာ ထိုအစားအစာများကို လူအများက နှစ်သက်စွာ စားသုံးလေ့ရှိသည်။ အဆိုပါ အစားအစာတို့တွင် ခဲသတ္တုပါဝင်မှုကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အာဟာရဓာတ် သုတေသနဌာနခွဲ၏ ဓာတ်ခွဲခန်းတွင် စမ်းသပ်ခဲ့သည်။ ဤအစားအစာများကို စဉ့်အိုးတွင် ပြင်ဆင်/သိုလှောင်ထားခြင်း၊ အရောင်ဆိုးဆေးများမှ ခဲသတ္တုပါဝင်ခြင်းနှင့် ပြည်တွင်းဖြစ် စည်သွတ်ဘူးအစားအစာဟူ၍ အုပ်စုသုံးမျိုးခွဲခြားစမ်းသပ်ခဲ့သည်။ ယင်းအစားအစာများတွင် ခဲသတ္တုပါဝင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်တွင်းဖြစ် စည်သွတ်ဘူး အစားအစာများ

စဉ်	အစားအစာအမျိုးအမည်	ခဲပါဝင်မှုပမာဏ mg/kg
၁	နာနတ်သီးဘူး	၂.၀၇၂၄
၂	ငါးသေတ္တာ	၀.၂၃၇၈
၃	မန်ကျည်းဖျော်ရည်ဘူး	၁.၄၀၅၂

ခဲသတ္တုပါဝင်သော ဆိုးဆေးဖြင့် အရောင်ဆိုးထားသော အစားအစာများ

စဉ်	အစားအစာအမျိုးအမည်	ခဲပါဝင်မှုပမာဏ mg/kg
၁	ပုစွန်ခြောက်	၁.၀၃၅၂
၂	ဝက်အူချောင်း	၁.၁၁၅၈
၃	ကြက်အူချောင်း	၁.၅၉၅၀
၄	မှုစ်အဝါ	၁.၀၁၆၀
၅	မှုစ်အနီ	၀.၈၃၀၈
၆	မက်မန်းယို	၃.၃၂၀၀
၇	မက်မန်းသီး	၁.၄၂၆၀

စဉ့်အိုးများဖြင့် ပြင်ဆင်/သိုလှောင်သောအစားအစာများ

စဉ်	အစားအစာအမျိုးအမည်	ခဲပါဝင်မှုပမာဏ mg/kg
၁	ဟင်းသီးဟင်းရွက်ချဉ်ဖတ်များ	၃.၉၆
၂	တညင်းသီး ဆားစိမ်	၄.၁၀
၃	ကျန်မဆိုင်	၄.၉၀
၄	စတော်ဘယ်ရီဝိုင်	၂.၁၀၄၂
၅	မက်မန်းဝိုင်	၁.၅၂
၆	တာရှည်ခံ သံပရာသီး	၀.၈၉၁၀
၇	ငါးပိရည်ကျို	၄.၈၅
၈	ငံပြာရည်	၄.၈၈

မှတ်ချက်–အထက်ပါအစားအသောက်များတွင် ခဲပါဝင်မှု များနေခြင်းမှာ စည်သွတ်ဘူးများကို ခဲသတ္တုဖြင့် ဂဟေဆော်ခြင်း၊ ခဲသတ္တုပါသော ဆိုးဆေးများကို အသုံးပြုခြင်းနှင့် ခဲသတ္တုပါသော စဉ့်အိုးများတွင် အစားအစာများ ပြုလုပ်သိုလှောင်ခြင်းတို့ကြောင့် ဖြစ်သည်။

အမြင့်ဆုံးလက်ခံနိုင်သော ခဲသတ္တုပမာဏ

စဉ်	အမျိုးအမည်	အမြင့်ဆုံးခဲသတ္တုပမာဏ mg/kg
၁	ဖျော်ရည်များ	၀.၃
၂	စားသုံးဆီ	၀.၁
၃	တာရှည်ခံ သံပရာရည်	၁.၀
၄	သကြား	၁.၀
၅	ကိုကာပါသော ကိတ်မုန့်	၂.၀

ခဲသတ္တုသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိပြီး အထူးသဖြင့် ကလေးသူငယ်များတွင် ပို၍ ဆိုးကျိုးသက်ရောက်နိုင်သည်။ ယင်း အဆိပ်သင့်ခြင်းကြောင့် အစဦးပိုင်းတွင်ရောဂါလက္ခဏာများသိသာ ထင်ရှားစွာ မပြသဖြင့် စောစီးစွာ ရောဂါ ဖော်ထုတ်ကုသနိုင်ခြင်းများ မရှိဘဲဖြစ်တတ် သည်။

အစားအစာများတွင် ခဲသတ္တုပါဝင်မှု လျှော့နည်းစေရန် အောက်ပါအတိုင်း လုပ်ဆောင်သင့်ကြသည်–

- အစားအစာထည့်ရာတွင် သုံးသည့်ပစ္စည်းများ၌ ခဲသတ္တုပါဝင်မှုကို ရှောင်ကြဉ်ရန်။
- အစားအစာများကို ခဲသတ္တုမပါဝင်သည့် ပစ္စည်းများဖြင့် သိုလှောင်သိမ်းဆည်းရန်။ (ဥပမာ–ဖန်၊ စတီး၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ဘူးများ၊ ပုလင်းများ၊ ခွက်များ)
- စည်သွတ်ဘူးများ ပိတ်ရာတွင် ခဲသတ္တုသုံးခြင်းကို ရှောင်ကြဉ်ရန်။
- သီးနှံများ စိုက်ပျိုးထားသော မြေကြီးတွင် ခဲသတ္တုပါဝင်မှု ပမာဏကို တိုင်းတာရန်။
- စိုက်ပျိုးရေးလုပ်ငန်းများတွင် ခဲသတ္တုအသုံးပြုခြင်းကို ရှောင်ကြဉ်ရန်။
- အိမ်တွင် တတ်နိုင်သမျှ ဖုန်မရှိစေရန်။
- ကယ်လ်စီယမ်၊ သံဓာတ်နှင့် ဗီတာမင်ဒီ ကြွယ်ဝသော အစားအစာများကို စားသုံးရန်။
- ခဲသတ္တု စုပ်ယူမှုသည် အစာအိမ်တွင် အစာမရှိလျှင် ပို၍များသောကြောင့် အစာမရှိဘဲ မဖြစ်ရအောင် အစာမှန်မှန်စားရန်။
- ခဲသတ္တုနှင့်ပတ်သက်သော အချက်အလက်များကို ကျန်းမာရေး ပညာပေးရန်။

ဤဦးစီးဌာနတွင် ပြုလုပ်စမ်းသပ်ထားသော သုတေသနများအရ ပြည်သူအများစု ခဲသတ္တုအဆိပ်သင့်ခြင်းသည် ခဲသတ္တုနှင့်ထိတွေ့မှုများသော လုပ်ငန်းများကြောင့်နှင့် အစားအသောက်များကို နည်းမှန်လမ်းမှန်နှင့် ပြုလုပ်သိုလှောင်မှု မရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အစားအသောက်များကို နည်းလမ်းမှန်ကန်စွာ ပြုလုပ်သိုလှောင်စေသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ် ဧပြီလအတွက်
(၁၀–၄–၂၀၀၅ ရက်နေ့)
နှင့်
(၂၄–၄–၂၀၀၅ ရက်နေ့)

သိန်းနီ ဆင်းရွှေလီနွေစပါးစံပြကေ ၂၀၀၀ ဖြစ်ထွန်းအောင်မြင် လားရှိုး ဆင်းရတနာစပါးစိုက်ခင်း တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်ကြည့်ရှု

ရန်ကုန် ဧပြီ ၇

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၆ရက် နံနက်ပိုင်းက သိန်းနီမြို့နယ် စယ်အူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်၍ ကျောင်းဆောင်များအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာရွေးချယ်ပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် သိန်းနီမြို့နယ် နောင်မောင်းကျေးရွာရှိ သိန်းနီတပ်နယ်နှင့် နမ့်ဆလပ်တပ်နယ် အတွင်းရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၏ ဖိုင်ခမ်းဆည်ရေသောက် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးကေ၅၀၀စိုက်ခင်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် သိန်းနီမြို့ ကောသမ္ဗီသီရိရဋ္ဌမဟာကမ္ဘောဇ ကျောင်းဆိုင်ကျောင်းသို့ သွားရောက်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကျောင်းဆိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် သိန်းနီမြို့အဝင် မြို့မကွင်းရှိ ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးကွင်းလုံးပြည့် စံပြကေ ၂၀၀၀ စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ နွေစပါးစိုက်ကွင်းအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ မန်မော်ကျေးရွာရှိ ကုန်းမြင့်ယာမြေ ဧက ၅၀၀ မန်မော်စိုက်ခင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်နှင့် တာဝန်ရှိသူများက စိုက်ခင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးမွေးမြူရေးကန်များ တူးဖော်ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ရှင်းလင်းဆောင်အတွင်း စိုက်ခင်းမှထွက်ရှိသည့် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါးနေကြာ၊ပိုက်ဆံလျှော်၊ပန်းနှမ်း ပဲစင်းငုံ၊ ပဲပုပ်နှင့် မြေပဲမျိုးစေ့များကို ကြည့်ရှုစစ်ဆေးပြီး၊ စိုက်ပျိုးရေးမျှော်စင်ပေါ်မှ စိုက်ခင်းအတွင်းလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပြောင်းလှန်းစင်များအပေါ်ရှိစိုက်ခင်းမှထွက်ရှိသည့် မျိုးသန့်ပြောင်းဖူးများနေလှန်း အခြောက်ခံထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းအတွင်းရှိ စက်ယန္တရားဖြင့် ငါးမွေးမြူရေးကန်အမှတ်(၁) တိုးချဲ့တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် စိုက်ခင်းရှိ ဆင်းရွှေလီကြိတ် တစ်ဧကတန် ၄၀ စံပြ ၁၀ ဧက စိုက်ခင်းသို့လည်းကောင်း၊ ကျွဲနွားမွေးမြူရေးခြံများကိုလည်းကောင်း၊ လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေအမှတ်(၁) ဧက ၁၀၀၀ မျိုးစေ့ထုတ် ဇုန်အတွင်းရှိ ဆင်းရတနာ အထူးအထွက်ကောင်းစပါးမျိုးစေ့ထုတ် စံပြငါးဧက စိုက်ခင်းသို့လည်းကောင်း၊ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ငါးမွေးမြူရေးကန်များသို့လည်းကောင်း၊ လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရွှေလီအထူးအထွက်ကောင်းစပါးနှင့်အရည်အသွေးကောင်း ဆင်းရွှေလီမွှေး(ဆန်မွှေး) နွေစပါးစိုက်ခင်းနှင့် အထူးအထွက်တိုး ဆင်းရွှေလီ နေကြာမျိုးစေ့ထုတ် စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမက(၂)ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၏ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အခြေခံပညာမူလတန်းကျောင်း၏ ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကိုဧပြီ ၁ရက်ကကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်စန်းရီက စတုတ္ထတန်းမှ မစုစုဝေကျော်အား လက်မှတ်ပေးအပ်စဉ်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာနနှင့် ရှန်ဟဲနိုင်ငံတကာလေ့လာရေးဌာနတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (Myanmar Institute of Strategic and International Studies, Myanmar- ISIS)၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲနိုင်ငံတကာလေ့လာရေးဌာန (Shanghai Institute of International Studies, SIIS) ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Madam Yu Xintian ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့လာရောက်ပြီး Myanmar- ISIS အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင် ဦးဆောင်သော ပညာရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ ဆွေးနွေးရာတွင် တရုတ်–မြန်မာ ဆက်ဆံရေးကိစ္စ၊ တရုတ်–အာဆီယံရေးကိစ္စ၊ အရှေ့တောင်အာရှတွင်း နိုင်ငံတကာရေးရာကိစ္စရပ်စသည်တို့ကို ပညာရှင်များအကြား လမ်းကြောင်းနှစ်ကဏ္ဍမှ အမြင်ချင်းဖလှယ်ကာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက် မဟာကံထူးရှင်ရွေးချယ်

ရန်ကုန် ဧပြီ ၇

မြန်မာဘရူဝါရီလီမိတက် နွေဦးအကြို မဟာကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲက ကရဝိက်နန်းတော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထွေထွေမန်နေဂျာ Mr. David Teng က ကံထူးရှင်ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေမန်နေဂျာ Mr. David Teng က ပထမဆု (ဆူဇူကီးကားတစ်စီး)ဆုမဲကိုလည်းကောင်း၊ ဒုတိယ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (အငြိမ်းစား)က ဒုတိယဆု (၂၉လက်မ TV & DVD Home Theater System)ဆုမဲကိုလည်းကောင်း၊ စီးပွားရေးမန်နေဂျာ Mr. Victor Seah နှင့် ဈေးကွက်မန်နေဂျာ Mr. James Swee တို့က တတိယဆု(၂၁လက်မ TV&DVD Home Theater System နှစ်ဆု)ဆုမဲများကိုလည်းကောင်း၊ တက်ရောက်လာကြသူများက အခြားသောဆုမဲများကိုလည်းကောင်း မဲနှိုက်ပေးကြပြီး မဟာကံထူးရှင်များကို ရွေးချယ်ပေးကြသည်။ **(သတင်းစဉ်)**

သကြိန်တွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာ ဝိဝေကာဝါသကျောင်းတိုက်တွင် သကြိန်တွင်း တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကမ္မဋ္ဌာန်းနည်းပြဆရာတော် အရှင်တိက္ခကိုယ်တိုင် ဟောပြောပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများနှင့် ဒုလ္လဘရဟန်း ဝတ်လိုသူများသည် ၁၃၆၆ ခုနှစ် တန်ခူးလဆန်း ၂ ရက် (ဧပြီ ၁၀ရက်) အရောက်လာကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်

ရန်ကုန် ဧပြီ ၇

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၂၀ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာလျက်ရှိသည်။

ဧပြီ ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

စာမျက်နှာ ၉ မှ

ထိုသို့ တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် ကြိုးပမ်းတည်ဆောက်နေမှုများ၊ယင်းသို့ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် တပ်မတော်သားများနှင့် မိသားစုများ ပါဝင်ဆောင်ရွက်သွားရမည့် အခန်းကဏ္ဍများ၊ တပ်တွင်းတပ်ပြင် စည်းရုံးရေးကိစ္စများကို ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖြည့်ဆည်းပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများသည် ဧပြီ၄ရက်နှင့်၅ရက်များတွင် မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းများအား အသီးသီး သွားရောက်တွေ့ဆုံကြပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော် လှည့်လည်ပူဇော် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပဋ္ဌမအကြိမ်မြောက် မြို့လုံးကျွတ် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်ပူဇော်ပွဲကို ဧပြီ ၄ရက် ည၇နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မင်္ဂလာမဏ္ဍာပ်၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

လှည့်လည်အပူဇော်ခံ

အစီအစဉ်အရ ရပ်ကွက်၊ ကျေးရွာများ၌ ယာယီကိန်းဝပ်စံပယ်တော်မူမည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များသည် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်မှ စတင်ပြီး သတ်မှတ်လမ်းကြောင်းများအတိုင်း မြစ်ကြီးနားမြို့မှ ရပ်ကွက်၊ ကျေးရွာများသို့ လှည့်လည်အပူဇော်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၀၇၉)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၇

၂၀၀၅ ခုနှစ် ပထမအကြိမ်အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ(၁)နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မောင်ဦးလွင်(ရေ)နှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၂၀၀၅ ခုနှစ် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မောင်ဦးလွင်(ရေ)နှင့် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်တို့က ပြိုင်ပွဲကျင်းပရေးကိစ္စရပ်များနှင့် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဌာနခွဲအလိုက်ညွှန်ကြားရေးမှူးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အသီးသီး ဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

အမှာစကား

ထို့နောက် သဘာပတိက အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ညှိနှိုင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း ညှိနှိုင်းကျင်းပမည့် Davis Cup Asia / Oceania Zone Group (IV) ကျင်းပရေးကိစ္စနှင့် စပ်လျဉ်းသည့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းနှင့်တာဝန်ရှိသူတို့က ပြိုင်ပွဲကျင်းပရေး ကိစ္စရပ်များနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် သဘာပတိ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပဋ္ဌာန်အလုပ်ပေး တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဖော့ကန်ဝါဉ္ဇုးပရိယတ္တိစာသင်တိုက်တွင် ပဋ္ဌမအကြိမ်မြောက် သင်္ကြန်တွင်း ခုနစ်ရက် သတိပဋ္ဌာန် အလုပ်ပေးတရားစခန်းကို ဧပြီ ၁၁ရက် ညနေ ၆နာရီမှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ တရားအားထုတ်လိုသော ယောဂီများသည် ဧပြီ ၁၀ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားစာရင်းပေးသွင်းကြရန်နှင့် ဖုန်း-၇၂၂၈၈၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်ဆန်းတစ်ရက် သွေးလှူဘဏ်ဖွင့်ထားမည်

ရန်ကုန် ဧပြီ ၇

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၉ရက်(ဧပြီ၁၇ရက်) တွင် ကျရောက်သော မြန်မာနှစ်သစ်ကူး (နှစ်ဆန်းတစ်ရက်) တွင် စေတနာသွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန (ဗဟိုအမျိုးသားသွေးလှူဘဏ်)ကို နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်၍ စေတနာသွေးလှူရှင်များ စိတ်ချမ်းမြေ့စွာ သွေးလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၇-၄-၂၀၀၅

မကွေး
ပုသိမ် } ၄၀ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်)

လှိုင်သာယာမိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၄၆)၏ သင်္ကြန်တရားစခန်းပွဲကို (တန်ခူးလဆန်း ၃ ရက်မှ ၉ရက်) ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ(B.Sc., Phy)က ကျေးဇူးရှင် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သတိပေးနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်
- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ၊
- (၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ၊
- (၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ၊
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ၊
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ၊
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ၊
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ၊
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ၊
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၇

တာချီလိတ်မူးယစ်အထူးအဖွဲ့ဝင်များသည် မတ်၁၈ရက်တွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု တော်ကော့အတွင်းရွာနေ ညီခမ်း၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ ခရီးဆောင်အိတ်အတွင်း ပလတ်စတစ်အိတ်ငယ်များ ဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**



အမှုဖွင့်အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု တော်ကော့အတွင်းရွာနေ ဦးညီဘရား၏သား အသက်(၄၁)နှစ်ရှိ ညီခမ်းအား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁၁/၂၀၀၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ၁၅၊ ၁၉(က)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပညာရာမကျောင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၇

သာကေတမြို့နယ် ၁၀/တောင်(၁၁)ရပ်ကွက် တိုင်းရင်းသားကျေးရွာအနီးရှိ ပညာရာမကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် သင်္ကြန်ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် တောင်ကုတ်မြို့နယ် ဓာတ်တော်တောင်သာသနာပြု ပဋ္ဌာန်းဆရာတော် မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ဦးခမ္မိက(ဓမ္မာစရိယ)နှင့် မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ဆရာဦးအောင်မွန်တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက်ဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်းက ကချင်ပြည်နယ်အသင်းကိုအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဧပြီ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်ကျင်းပသည့် (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ မန္တလေးတိုင်းအသင်းက လက်ရှိချန်ပီယံကချင်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

မန္တလေးတိုင်း အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီးတစ်မိနစ်အကြာတွင် ကျော်ရဲအောင်က သွင်းယူပေးသည်။ ကချင်ပြည်နယ်အသင်းအတွက်ချေပဂိုးကို ပွဲချိန်၁၀မိနစ်တွင် ဟန်ထွန်းလေးက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေဖြစ်နေသည်။ မန္တလေးတိုင်းအသင်းအတွက်အနိုင်ဂိုးကို ပွဲချိန်၆၆မိနစ်တွင် ကျော်ရဲအောင်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မန္တလေးတိုင်းအသင်းအတွက် နှစ်ဂိုးသွင်းယူပေးသူ ကျော်ရဲအောင်က ရရှိသည်။

ဆုချီးမြှင့်

ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပူးတွဲ တတိယရရှိသော မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့အား ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယဆုရရှိသော ကချင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရရှိသော မန္တလေးတိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အကောင်းဆုံးဂိုးသမားဆုရ မြတ်ထွန်းကျော် (မွန်ပြည်နယ်)၊ အကောင်းဆုံးနောက်တန်းဆုရ အာဒီးဆား(ကချင်ပြည်နယ်)၊ အကောင်းဆုံးအလယ်တန်းဆုရ ဟန်ထွန်းလေး (ကချင်ပြည်နယ်)၊ အကောင်းဆုံးရှေ့တန်းဆုရ ကျော်ရဲအောင်(မန္တလေးတိုင်း)နှင့်အကောင်းဆုံးဘောလုံးသမားဆုရ ကျော်ရဲအောင်(မန္တလေးတိုင်း) တို့အား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အသန့်ရှင်းဆုံးအသင်းဆုရရှိသော ကချင်ပြည်နယ်အသင်းအား ဆုဖလားပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရရှိသောမန္တလေးတိုင်းအသင်းအား ဆုဖလားနှင့် ငွေကျပ်သုံးသိန်းပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၁ရက်(စနေနေ့) နံနက်၈နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေအပူဇော်ခံကြွကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးခင်မောင်စိုး ဖုန်း-၅၄၈၂၅၊ဦးမဲအောင် ဖုန်း-၅၇၇၇၆၀၊ ဦးနု ဖုန်း-၂၁၀၅၈၃၊ ဦးသာအောင်ကျော် ဖုန်း-၅၂၇၀၄၂၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၃၀၅၊ ဦးတင့်လွင် ဖုန်း-၅၆၅၆၄၀၊ ဦးအောင်ကြည် ဖုန်း-၃၈၁၂၀၃၊ ဒေါ်စန်းနု ဖုန်း-၀၅၆-၂၁၀၃၂၊ ဦးရန်နောင် ဖုန်း-၆၄၀၁၈၈၊ ဒေါ်ခင်လှမြင့် ဖုန်း-၅၅၄၁၀၇၊ ဒေါ်အေးအေးစိုး ဖုန်း-၅၅၇၅၁၉သို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများမှတစ်ဆင့် လည်းကောင်း မေ ၁၄ရက်နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် သစ်တောရေးရာနှင့်စွမ်းအင်သရေကျ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းနှင့်စွမ်းအင်အသင်းတို့ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်အပြီးတွင် သစ်တောရေးရာအသင်းက ၁၂ပွဲကစား (၂၈)မှတ်၊ စွမ်းအင်အသင်းက ၁၂ပွဲကစား (၁၈)မှတ်ရရှိထားကြသည်။ သစ်တောရေးရာအသင်းသည် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းထက် တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ၈ရက်**(ယနေ့)**ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့်မလိခအသင်း၊ ပဒေသာအားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ယှဉ်ပြိုင် ချယ်လ်ဆီးအသင်းနှင့်အေစီမီလန်တို့ ဂိုးရလဒ်ကောင်း

လန်ဒန် ဧပြီ ၇

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ဘောလုံးပွဲစဉ်များကို ဧပြီ၆ရက်က ဆက်လက်ကျင်းပရာ အင်္ဂလန်မှ ချယ်လ်ဆီးအသင်းက ဂျာမနီမှ ဘေယန်မြူးနစ်အသင်းကိုလည်းကောင်း၊ အီတလီမှ အေစီမီလန်အသင်းက တစ်မြို့တည်းသား အင်တာမီလန်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ချယ်လ်ဆီးနိုင်

အင်္ဂလန်မှ ချယ်လ်ဆီးအသင်းသည် ဂျာမနီမှ ဘေယန်မြူးနစ်အသင်းကို စတမ်းဖို့စ်ဘရစ်ကွင်းကြီး၌ အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ရာ ချယ်လ်ဆီးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ချယ်လ်ဆီးအသင်းတွင် ဂလင်းဂျွန်ဆင်၊ ရီကာဒိုကာဗယ်ဟို၊ ဂျွန်တယ်ရီ၊ ဂျိုးကိုးလ်၊ ဒါမီယန်ဒပ်ဖ်၊ ဖရန့်လမ်းပတ်၊ ဒရော့ဘာ၊ ဂတ်ဂျွန်ဆင် စသောကစားသမားများ ပါဝင်ကစားခဲ့ကြသည်။



ချယ်လ်ဆီးနှင့် ဘေယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘေယန်မြူးနစ်မှ မိုက်ကယ်ဘောလက်က ဘောလုံးကိုလေထဲတွင် ဖမ်းထိန်းထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘေယန်မြူးနစ်အသင်းတွင်လည်း ဂိုးသမားကြီး အိုလီဗာခမ်း၊ ရောဘတ်ကိုဗက်၊ ဖာရီရာလူစီယို၊ မိုက်ကယ်ဘောလက်၊ တော်စတန်ဖရင်းစ်၊ ဇီးရော်ဘတ်တိုနှင့် ဂွါယာရီရို စသောဘောလုံးသမားများ ပါဝင်ကစားခဲ့ကြသည်။

ချယ်လ်ဆီးအသင်းက ပွဲစသည်နှင့် အိမ်ကွင်းပီပီ ခြေစွမ်းပြကစားခဲ့ရာ ပွဲစပြီးငါးမိနစ်တွင် ဘေယန်မြူးနစ်ကစားသမားရောဘတ်ကိုဗက် ဘောလုံးကို ရှင်းထုတ်ရာတွင် လဲကျသွားပြီး ချယ်လ်ဆီးမှ ဒပ်ဖ်ကဂျိုးကိုးလ်ကို ဖြတ်ပေးလိုက်ရာ ပယ်နယ်တီဧရိယာအစပ်မှ ၎င်းက သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ပွဲချိန်၅၃မိနစ်၌ ဘေယန်မြူးနစ်မှ ဘက်စတီယန်ရှက်စင်စတီဂါက ချေပဂိုးသွင်းခဲ့၍ သရေပြန်ဖြစ်သွားသည်။

သရေဖြစ်သွား၍ ချယ်လ်ဆီးတို့ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် မိနစ် ၆၀နှင့် မိနစ် ၇၀တို့တွင် ဖရန့်လမ်းပတ်က နှစ်ဂိုးရှေ့ဆင့်နောက်ဆင့်သွင်းယူလိုက်၍ ဘေယန်မြူးနစ်တို့ လိုက်လံချေပဂိုးသွင်းရန် အခက်ကြုံစေခဲ့သည်။

ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေမှုကို မကျေနပ်နိုင်ဘဲ ပွဲချိန် ၈၂မိနစ်တွင် ဒရော့ဘာက တစ်ဂိုးထပ်မံသွင်းလိုက်၍ ချယ်လ်ဆီးတို့ လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့ရာ ပွဲပြီးခါနီး မိနစ် ၉၀တွင် မိုက်ကယ်ဘောလက်က ဘေယန်မြူးနစ်အတွက် တစ်ဂိုးသွင်းပေးလိုက်သည်။

ချယ်လ်ဆီးအသင်း၌ ပွဲချိန်၆၅ မိနစ်တွင် ဂျွန်ဆင်အစား ရောဘတ်ဟုသ် ဝင်ကစားသည်။ ၈၂မိနစ်တွင် ဂျိုးကိုးလ်အစား ကာဒိုဆိုဂီယာရို ဝင်ကစားသည်။ ၈၉မိနစ်တွင် ဒရော့ဘာအစား မီကေးလ်ဖော့စ်ဆဲလ် ဝင်ကစားခဲ့သည်။

ထို့အတူ ဘေယန်မြူးနစ်အသင်း၌ ပွဲချိန်၄၅မိနစ်တွင် ဟက်ဆန်ဆလီဟာမစ်ဇစ် အစား ဘတ်စတီယန်ရှက်စင်စတီဂါ ပါဝင်ကစားသည်။ ၇၃မိနစ်တွင် ဇီးရော်ဘတ်တိုအစား မီမက်စကိုးလ်ဝင်ကစားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီအတွင်း ဖလားသုံးလုံးရရှိရေး ရည်မှန်းချက်အနက်မှ ယခုပွဲ နိုင်လိုက်သဖြင့် ချန်ပီယံလိဂ်ဖလား အောင်မြင်ရရှိရေးအတွက် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်။

ထို့အတူ ဘေယန်မြူးနစ်အသင်းသည် ဧပြီ၁၂ရက်တွင် ချယ်လ်ဆီးအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမည်ဖြစ်သည်။ ချယ်လ်ဆီးကို အိမ်ကွင်း၌ ရှုံးကြေးဆပ်ရန် အခွင့်အလမ်းရှိမည်ဖြစ်သည်။

အေစီမီလန်နိုင်

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် အေစီမီလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

အေစီမီလန်နှင့် အင်တာမီလန်အသင်း တို့သည် အီတလီနိုင်ငံ မီလန်မြို့ခံအသင်းများဖြစ်ကြသည်။

အေစီမီလန်အသင်းတွင် ဒီဒါ၊ ကာဖူး၊ မာလ်ဒီနီ၊ နက်စ်တာ၊ စတမ်း၊ ဂတ်တူဆို၊ ကာကာ၊ ပီယာလို၊ ဆီးဒေါ့ဖ်၊ ခရက်စ်ပို၊ ရှက်ချင်ကို စသော ကစားသမားများ ပါဝင်ကစားခဲ့ကြသည်။

ထို့အတူ အင်တာမီလန်အသင်းတွင်လည်း တော်လ်ဒို၊ ကော်ဒိုဘာ၊ ဖာဗယ်လီ၊ မီဟိုင်းလိုဗစ်၊ ဇနက်တီ၊ စတမ်ကိုဗစ်၊ ဂျူယန်ဗာရွန်၊ ခရစ္စတီယာနိုဇနက်တီ၊ ဂျူလီယိုခရု်ဇ် စသော ဘောလုံးသမားများပါဝင်ကစားခဲ့သည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်းပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် အေစီမီလန်မှ ပီယာလိုအလွတ်တည်ဘောကန်သွင်းရာ စတမ်းဘောလုံးရသွားပြီးနောက် ပြန်လှည့်ကန်လိုက်ရာမှ ဂိုးရရှိသွားခြင်းဖြစ်သည်။

ဒုတိယပိုင်းပြန်စသည်နှင့် အင်တာမီလန်တို့ ချေပဂိုးရရှိရေးအတွက် အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း ချေပဂိုးမရရှိခဲ့ချေ။

အေစီမီလန်အသင်းသည် အင်တာမီလန်အသင်းအား ပထမအကျော့တွင် ဂိုးများများသွင်းထားနိုင်ရေးအတွက် ဆက်လက် တိုက်စစ်ဆင်ကစားခဲ့ရာ ၇၅မိနစ်တွင် ဥရောပအကောင်းဆုံးဘောလုံးသမား ရှက်ချင်ကိုက တစ်ဂိုးထပ်မံ



အေစီမီလန်အသင်းနှင့် အင်တာမီလန် အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အေစီမီလန်မှ မာဒီနီ(ယာ)**နှင့် အင်တာမီလန်အသင်းမှ ဗီရွန်တို့ဘောလုံး ယှဉ်လုကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

သွင်းယူလိုက်၍ အေစီမီလန်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းတွင် ၇ မိနစ်၌ နက်စ်တာအစား ကာလက်ဒီ ဝင်ကစားသည်။ ၈၃ မိနစ်တွင် ခရက်စ်ပိုအစား အမ်ဘရိုစီနီ ဝင်ကစားခဲ့သည်။ မိနစ် ၉၀တွင် ကာဖူးအစား ကော့စတာကာတာ ဝင်ကစားခဲ့သည်။

ထို့အတူ အင်တာမီလန်အသင်းတွင် ၅၅ မိနစ်၌ ခရု်ဇ်အစား ဗီယာရီဝင်ကစားသည်။ မိနစ်၇၀တွင် ဗီရွန်အစား ကာရာဂူးနစ်ဝင်လာသည်။ ၈၁ မိနစ်တွင် ဇနက်တီအစား ဗင်ဒါမေဒီဝင်ကစားသွားသည်။

အင်တာမီလန်အသင်းသည် ဧပြီ ၁၂ရက်တွင် ဒုတိယအကျော့ပွဲစဉ်အဖြစ် အေစီမီလန်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမည်ဖြစ်၍ အေစီမီလန်အသင်းအား ရှုံးကြေးဆပ်ရန်အခွင့်အလမ်းရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားအားကစား

လေ့ကျင့်သင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများအတွက် လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအားဗဟိုဌာန(ASEAN Resource Centre for Training of Trainers for Civil Service) ၏ ကြီးကြပ်စီစဉ်မှုဖြင့် 'လေ့ကျင့်သင်ကြားရေး ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ' ကို ဧပြီ၄ရက်မှ ဧပြီ၆ရက်အထိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာန၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ သင်တန်းဆရာများနှင့် လေ့ကျင့်ရေးဆိုင်ရာ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု၏ ဘာသာရပ်ဌာနများက သင်ရိုးညွှန်းတမ်းနှင့် ပို့ချမှုနည်းစနစ်ဆိုင်ရာ စာတမ်းများ အသီးသီး တင်သွင်းဖတ်ကြားကာ ဆွေးနွေးပွဲ တက်ရောက်လာသူများက အစုအဖွဲ့ ငါးစုခွဲ၍ ဝိုင်းဝန်းသုံးသပ် ဆွေးနွေးကြပြီး အကြံပြုစာတမ်းများကို ပြန်လည်တင်သွင်း ဖတ်ကြားကြကြောင်း သတင်းရှိသည်။

(သတင်းစဉ်)



နွေရာသီဂေါက်သီးရိုက် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၇

မျိုးဆက်သစ် ဂေါက်သီးရိုက်လူငယ်များ ပေါ်ထွက်လာစေရေးနှင့် ဂေါက်သီးအားကစားကို စနစ်တကျ သင်ယူတတ်မြောက်ရေးကို ရည်ရွယ်လျက် Han Golf Mastersဂေါက်သီးရိုက်သင်တန်းကျောင်းမှ ဖွင့်လှစ်သော နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် သင်တန်းများကို ဧပြီ၁၈ရက်မှ စတင်၍ ပန်းလှိုင်ဂေါက်ကွင်း၌ အဆင့်အတန်းမြင့်မားစွာ စာတွေ့ လက်တွေ့ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။ ဖွင့်လှစ်မည့်သင်တန်းများမှာ အခြေခံဂေါက်ရိုက်သင်တန်း၊ ကွင်းပတ်အဆင့်ဂေါက်ရိုက် သင်တန်းတို့ဖြစ်ပြီး သင်တန်းကာလမှာ သုံးပတ်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူ လူငယ်မောင်မယ်များသည် ဧပြီ ၁၂ရက်ထက် နောက်မကျဘဲ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း ဥည့်ကြိုကောင်တာ ဖုန်း-၆၈၄၀၂၀နှင့် ၅၄၂၈၈၉ တို့သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၅-၄-၂၀၀၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါကြေညာချက်နှင့်ပတ်သက်၍ ဒေါ်ခင်စိုးအောင်မှပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်စိုးစိုးထွန်း၏ ကြေညာချက်မှန်ကန်မှုမရှိပါ။ ငွေ ၁၀သိန်းကျပ်တိတိကို တစ်လလျှင် ငါးကျပ်နှုန်းဖြင့် ၈-၆-၂၀၀၄ရက်မှစတင်ချေးယူ၍ ငွေချေးစာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးပြီး နေ့စွဲတပ်ပေးခဲ့ခြင်းသာရှိပါသည်။ လစဉ်ပုံမှန်အတိုးငွေများ ပေးခဲ့ပြီးဖြစ်သည့်အပြင် ယုံကြည်မှုဖြင့် သိန်း ၃၀ကို ၁၉-၉-၂၀၀၃ရက်က ရယူသွားခဲ့သည်ဆိုသည်မှာမမှန်ကန်ပါ။ သို့ပါ၍ စာချုပ်အလွတ်ပေါ်တွင် မမှန်မကန်ဖြည့်သွင်းခြင်းမပြုပါရန် ဒေါ်စိုးစိုးထွန်း၏ မမှန်မကန်ကြေညာခြင်းသည် ဒေါ်ခင်စိုးအောင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အတွက် ၅-၄-၂၀၀၅ရက်စွဲပါ ကြေညာချက်အား အမြန်ဆုံးရုပ်သိမ်းပေးပါရန်၊ လိုက်နာခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း။

ဒေါ်ခင်စိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း B.A(Law) LL.B. D.B.L, D.M.L, D.I.L,
တရားရုံးချုပ်ရှေ့နေ
အမှတ် ၄၅၆၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ဖုန်း-၃၈၆၄၇၅။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၈ လမ်း၊ အမှတ် ၅၇(အေ)နေ ကျွန်မ မချိုသဲမောင်[၁၂/ပဘတ(နိုင်)၀၃၁၁၆၈]နှင့် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်လမ်း)၊ အမှတ် ၂၀၅နေ ဟာဂျီမိုဟာမက်စီကန်ဒရ်ခန်း(ခ)မောင်ဘိုနီဝင်း [၁၂/ကတတ(နိုင်)၀၂၅၁၈၄]တို့သည် ၇-၃-၂၀၀၅ရက်တွင် အစ္စလာမ်တရားတော်မြတ်အရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မချိုသဲမောင်။**

ဦးကျော်သူရနှင့်ဒေါ်ယဉ်သန္တာအောင်(ခ)အိတာ (Thit Sar Taw Oo Travel & Tour)တို့သိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ပန်းခြံတာဝါ၊ တိုက်အမှတ် ၈၊ အခန်း ၄၀၆(လေးလွှာ)နေ ဦးကျော်သူရနှင့် ဒေါ်ယဉ်သန္တာအောင်(ခ)အိတာတို့သည် ၁၃-၁၂-၂၀၀၄ရက်က ကျွန်ုပ်၏အမှုသည် ဒေါ်အေးအေးသန်း[၁၂/ဥကတ(နိုင်)၀၀၅၆၁၁]ထံမှ လုပ်ငန်းကိစ္စအတွက် စရံငွေကျပ် ၃၅သိန်းကို ယူသွားခဲ့ပြီး လုပ်ငန်းမဖြစ်မြောက်သည့်အခါ အဆိုပါငွေကို ဒေါ်အေးအေးသန်းအား ပြန်ပေးရန် နှစ်ဖက်သဘောတူထားကြရာ ဦးကျော်သူရနှင့် ဒေါ်ယဉ်သန္တာအောင်(ခ)အိတာတို့ဘက်မှ လုပ်ငန်းကိုဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါလျက် ငွေကိုပြန်မပေးဘဲ အကြိမ်ကြိမ်ရွှေ့ဆိုင်း ချိန်းဆိုနေခဲ့ပြီး သက်ဆိုင်ရာဘဏ်တွင် ငွေထုတ်ယူ၍မရနိုင်သော ချက်လက်မှတ်တစ်စောင်ကိုသာ ဒေါ်အေးအေးသန်းအား ပေးခဲ့ပါသည်။

သို့ဖြစ်၍ ဤကြော်ငြာပါရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ဒေါ်အေးအေးသန်းအား ပေးရန်ရှိသည့်ငွေကို လာရောက်ရှင်းလင်းပေးရန်နှင့် ပျက်ကွက်ပါက ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်လင်း (B.A, LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၃၃၇)
အမှတ် ၁၀၃(ပထမထပ်)၊ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၃၇၂၀၆၈။

ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၁၂)နှင့်စပ်လျဉ်းသည့်အများသိစေရန်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁-ခ / ၁-က)၊ဧရိယာ(၀ ဒသမ ၁၀၅၅)ဧကရှိ နှစ် ၆၀ ဂရန် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၁၂)ကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၇၀၃၆ နှင့် ဦးမြင့်သိန်း ၁၂/မဂတ(နိုင်)၀၇၅၅၄၁တို့မှ မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စိန် ၁၂/မဂတ(နိုင်)၀၄၉၅၄၀ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အရောင်းအဝယ်စာချုပ် အမှတ်(၅၈၉၅/၁၉၉၇)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့ထက်တိုင် စဉ်ဆက်မပြတ် တစ်ဆက်တည်း တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိသည်။

ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တစ်ဆင့်ကြားစကားဖြင့် ပိုင်ဆိုင်မှု မမှန်မကန်ဖော်ပြပြီး မိမိတို့ရရန်ရှိကြွေးမြီများ တောင်းခံနေသူများ ယနေ့မှ ၁၅ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီတရားစွဲဆိုနိုင်ရန် ကျွန်ုပ်တို့အားလွှဲအပ်ထားပြီးဖြစ်ပါကြောင်း-

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် LL.B, DBL,DML,DIL
ဒေါ်အေးအေးစိုး B.Sc. Hons (I.C)H.G.P, RL.DBL
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၁-၇၀၄၄၊၂၉၄၈၆၆။

၅-၄-၂၀၀၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါကြေညာချက်နှင့်ပတ်သက်၍ ဒေါ်ခင်စိုးအောင်မှပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်ညိုညိုသန်း၏ ကြေညာချက်မှန်ကန်မှုမရှိပါ။ ငွေ ၁၀သိန်းကျပ်တိတိကို တစ်လလျှင် ငါးကျပ်နှုန်းဖြင့် ၈-၆-၂၀၀၄ရက်မှစတင်ချေးယူ၍ ငွေချေးစာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးပြီး နေ့စွဲတပ်ပေးခဲ့ခြင်းသာရှိပါသည်။ လစဉ်ပုံမှန်အတိုးငွေများ ပေးခဲ့ပြီးဖြစ်သည့်အပြင် ယုံကြည်မှုဖြင့် သိန်း ၃၀ကို ၃၀-၈-၂၀၀၃ရက်က ရယူသွားခဲ့သည်ဆိုသည်မှာမမှန်ကန်ပါ။ သို့ပါ၍ စာချုပ်အလွတ်ပေါ်တွင် မမှန်မကန်ဖြည့်သွင်းခြင်းမပြုပါရန် ဒေါ်ညိုညိုသန်း၏ မမှန်မကန်ကြေညာခြင်းသည် ဒေါ်ခင်စိုးအောင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အတွက် ၅-၄-၂၀၀၅ရက်စွဲပါ ကြေညာချက်အား အမြန်ဆုံးရုပ်သိမ်းပေးပါရန်၊ လိုက်နာခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း။

ဒေါ်ခင်စိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း B.A(Law) LL.B, D.B.L, D.M.L, D.I.L,
တရားရုံးချုပ်ရှေ့နေ
အမှတ် ၄၅၆၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ဖုန်း-၃၈၆၄၇၅။

ကမ်းသာယာသကြၤန်
နှစ်သစ်ကြိုဆိုအထူးအစီအစဉ်
စိတ်အေးချမ်းသာ ပျော်ရွှင်နိုင်ရန်
၁၃ မှ ၁၇ထိ (လေးည ငါးရက်)
ကား/တည်း ၃၃၀၀၀ဝိ နှစ်ဦးတစ်ခန်း
Seaview Rooms
စား/တည်း ငြိမ်း ၄၃၀၀၀ဝိ နှစ်ဦးတစ်ခန်း
Ko Sai 372046/373395



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်အောင်သူရလှိုင် ၁၂/သကတ(နိုင်)၁၅၃၆၅၄သည် မိဘ ညီအစ်ကို မောင်နှမများကို အမျိုးမျိုး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်မယူပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) **ဖခင်-ဦးစိုးလှိုင် ၁၂/သကတ(နိုင်)၀၂၅၅၈၇**
မိခင်-ဒေါ်ကျင်ငွေ ၁၂/သကတ(နိုင်)၀၂၅၅၉၈။

ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှု စည်ပင်ညွှန်ချုပ် ကြည့်ရှုစစ်ဆေး မကွေးတိုင်းနှင့် မန္တလေးတိုင်းများသို့ အလွယ်တကူသွားလာနိုင်မည်

လှည်းကူး ဧပြီ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် လှည်းကူးမြို့နယ် အမှတ် (၃) လမ်းမကြီးမှတစ်ဆင့် ကြာကန်စုကျေးရွာ ညောင်နှစ်ပင် စိုက်ပျိုးရေးဇုန်နှင့် ခရိုင်ချင်းဆက်လမ်း၊ လမ်းဆုံရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြိုင်ဆောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့က ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် လမ်းဆုံအနီး စက်ယန္တရားများဖြင့် မြေသားလမ်းတိုးချဲ့ ဖောက်လုပ်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ကြာအင်း(အနောက်)ရွာအနီး မြေသားလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ သပြေကုန်းရွာအနီး မြေသားလမ်း ဆောင်ရွက်မှုအခြေအနေနှင့် အင်းကန်ကျေးရွာတွင် ဦးစီးဌာနပိုင် စက်ယန္တရားများဖြင့် မြေသားလမ်းဖောက်လုပ်နေမှုများကို စစ်ဆေးပြီး လမ်း၊ တံတားများ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာမှ ကန်သာယာကျေးရွာအထိ ဆက်သွယ်သော ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကန်သာယာရွာမှ ကွမ်းသီးမြောင်ကျေးရွာအထိ ဆက်သွယ်သော ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

စံချိန်စံညွှန်းမီ

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဥက္ကံချောင်းကူးသစ်သားတံတား တည်ဆောက်နေမှုနှင့် အဖွဲ့ပိုင် ပိုင်ရိုက်စက်ဖြင့် ဆောင်ရွက်မှုကို စစ်ဆေးသည်။ ဆက်လက်၍ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဆုံရာ တောင်ညိုကျေးရွာ မိုးနင်းချောင်းတွင် လမ်း၊ တံတားများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးပါက အမှတ်(၃) လမ်းမကြီးမှ တစ်ဆင့် ထောက်ကြန့်၊ မှော်ဘီမြို့များသို့ ဖြတ်သွားရန် မလိုဘဲ ကြာကန်စု၊ ညောင်နှစ်ပင် စိုက်ပျိုးရေးအထူးဇုန်မှတစ်ဆင့် ကျေးရွာများကို ဖြတ်သန်းပြီး ပဲခူးတိုင်း(အနောက်ပိုင်း)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းများသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

(နယ်စပ်/စည်ပင်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျောင်းကုန်းမြို့၌ကျင်းပ ကျန်းမာရေးပညာပေး ဟောပြော၊ ဆုများပေးအပ်ချီးမြှင့်

ကျောင်းကုန်း မတ် ၂၅

ကျောင်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ဆိုင်းဘုတ်စိုက်ထူပွဲကို မတ် ၂၄ရက် နံနက် ၉နာရီက ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ ဒေါ်သန်းတင်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ပေးပို့သော သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီတာညွန့်က ဖတ်ကြားသည်။ (ဝဲပုံ)

ထို့နောက် မြို့နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးက ကျန်းမာရေးပညာပေး ဟောပြောပြီး မြို့နယ်အတွင်း ၂၀၀၄ခုနှစ် အကောင်းဆုံး တီဘီဆေးတိုက်ကျွေးမှု ပထမဆုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က လည်းကောင်း၊ ဒုတိယ ဆုကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီတာညွန့်က လည်းကောင်း၊ တတိယ ဆုကို မြို့နယ် တီဘီရောဂါ တိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက စုပေါင်းစိုက်ထူကြကြောင်း သိရသည်။ **(၂၆၅)**

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး မတ် ၂၈ ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

သနပ်ပင်မြို့နယ်တွင် ကျန်းမာရေးအသိပညာပေး အခမဲ့ဆေးဝါးကုသ၊ အလှူငွေပေးအပ်လှူဒါန်း

သနပ်ပင် မတ် ၃၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်လေးကြီး ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့သည် မတ် ၂၆ရက်က ပဲခူးတိုင်း သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား ခရမ်းစံပြကျေးရွာ တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးအသိပညာပေးဟောပြောပြီး လူနာမျိုးစုံ ၄၃၁ ဦးအား အခမဲ့ဆေးဝါးကုသပေးကြသည်။ **(ယာပုံ)**

အဆိုပါ အထူးကုအဖွဲ့အား သနပ်ပင်မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန့်ဇင်၊ ခရမ်းစံပြကျေးရွာ တိုက်နယ်ဆရာဝန် ဒေါက်တာဇော်ဝမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ခရမ်းစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ခရမ်းစံပြကျေးရွာ တိုက်နယ်ဆေးရုံ ဆရာဝန်ဒေါက်တာဇော်ဝမ်းက လက်ခံရယူကြောင်း သိရသည်။

(၃၄၇)

အမြို့မြို့ အနယ်နယ် သတင်းများ

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အုတ်ဖိုမြို့၌ကျင်းပ

အုတ်ဖို ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်၊ ကျန်းမာရေး ဦးစီးဌာနက ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်မြက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပေးပို့သော သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနော်တင်က ဖတ်ကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ ၂၀၀၄ခုနှစ်အတွင်း အကောင်းဆုံးဆေးတိုက်ကျွေးဆုရရှိကြသူ သုံးဦးအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က ပညာတန်ဆောင်ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမွန်က တက္ကသိုလ်ဝင်တန်းမှ မနေဇာမိုးရည်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(မြို့နယ် ပညာရေး)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဖျာပုံခရိုင်၌ကျင်းပ

ဖျာပုံ မတ် ၃၀

ဖျာပုံခရိုင် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြ၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ထွန်းနေအောင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ထွန်းနေအောင်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားပြီး **(ဝဲပုံ)**ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က တီဘီရောဂါကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေးရေးဆိုင်ရာများကို ပြောကြားသည်။

ဆက်လက်၍ တီဘီရောဂါ ကာကွယ် တိုက်ဖျက်ရေးအတွက် အကောင်းဆုံး ဆုရရှိသူ ကိုးဦးတို့အား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရပ်စောက်မြို့တွင် တီဘီဆေးတိုက်ကျွေးမှု အကောင်းဆုံးဆုရသူများ ဆုချီးမြှင့်

ရပ်စောက် ဧပြီ ၃

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် ရတနာသီရိခန်းမတွင် မတ် ၃၀ရက် နံနက်၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးသန့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကိုဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာမြလေးနွယ်က တီဘီရောဂါအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမျိုးသန့်က မြို့နယ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်း တီဘီဆေးတိုက်ကျွေးမှု အကောင်းဆုံးဆုရသူ သုံးဦးအား ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် ဇနီးဒေါ်ခင်လေးမြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မကွေးမြို့ မြို့မဈေးတွင် မတ် ၁၀ ရက်က ဈေးအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဈေးရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး)ဦးကျော်ဌေးဦးက ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင်တစ်နှစ်
၂။ ကစားသူ – ထောင်သုံးနှစ်
၃။ ထုတ်လုပ်ရောင်းချသူ – ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် တွင် ဝမ်ဖိုင်စံပြကျေးရွာဖွင့်ပွဲအခမ်းအနားကို မတ်၂၅ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးလွင် နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးခင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၉-၄-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မုဒုံ ကန်ကလေးဒူးရင်းခြံ)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း (၁)ယဉ်ကျေးစွာရေကစားပါ (ခေါင်းကြီး) (၂)မင်္ဂလာနှစ်သစ်ဖြစ်ပါစေ (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၀၀ အဆိုအက၊အရေး၊အတီးပြိုင်ပွဲ ဆုရအစီအစဉ်(ရန်ကုန်တိုင်းမှ မသဲမြတ်စိုးနှင့် မအေးမြတ်နိုးခင်တို့၏ ဓမ္မဂူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မထျှိုင် (ကလေး၁၁၀ အလေးမ အားကစားစနေကြပြီ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ တေးစီးရီး(အလက်ာ၀တ်ရည် တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ပိတောက်တစ်ခက်ချစ်သက်လက်ဆောင်)
၂၀း၃၀ English Lesson Working Knowledge
၂၀း၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

အမြို့မြို့ အနယ်နယ် သတင်းများ

e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၁၁-၄-၂၀၀၅ (တနင်္လာနေ့)
- ❑ Systems of Ordinary Differential Equations
  - မဟာသိပ္ပံပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများ
- ❑ The Diversity of Life on Earth
  - မဟာဒုတိယနှစ် (သတ္တဗေဒနှင့် Environmental Studies)

၁၂-၄-၂၀၀၅ (အင်္ဂါနေ့)
- ❑ Angiospermae
  - ဒုနှစ်ရုက္ခ၊ တနှစ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူများ
- ❑ Heterocyclic Compounds And Alkaloids
  - တတိယနှစ် ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ
- ❑ Forms of Condensation
  - ပထဝီဝင်နှင့်အခြားသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ

၁၈-၄-၂၀၀၅ (တနင်္လာနေ့)
- ❑ Mental Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Educational Anthropology
  - ဘီအီးဒီ ဒုနှစ်ပညာရေး စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ

၁၉-၄-၂၀၀၅ (အင်္ဂါနေ့)
- ❑ Law of Contract
  - LLB(ဒု-နှစ်)နှင့် BA (Business Law) (ဒု-နှစ်)
- ❑ Myanmar Customary Law
  - LLB(ဒု-နှစ်)နှင့် BA (Myanmar Studies) (တ-နှစ်)

၂၀-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)
- ❑ Legal Frame Work on ASEAN
  - BA (SEAP Studies) (တ-နှစ်)
- ❑ Constitutions of ASEAN Countries
  - BA (SEAP Studies) (တ-နှစ်)

၂၁-၄-၂၀၀၅ (ကြာသပတေးနေ့)
- ❑ Introduction to Biotechnology
  - Biotechnology ဘာသာရပ် လေ့လာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ဝင်စားသူများ
- ❑ Environmental Law
  - B.Sc (Environmental Studies) (တ-နှစ်)

၂၂-၄-၂၀၀၅ (သောကြာနေ့)
- ❑ Pail Language & Literature
  - ပ၊ ဒု၊ တ အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Environmental Engineering
  - Postgraduate Students (M.Sc) of Multi-disciplinary Courses: Industrial Chemistry, Engineering Chemistry, Environmental Studies, Biochemistry & Biotechnology

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၃-၄-၂၀၀၅ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၄-၄-၂၀၀၅ (တနင်္ဂနွေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မင်္ဂလာလမ်း ကျောက်ချောလမ်းကို မတ်၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖိုးရာဇာစာကြည့်တိုက် မကွေးမြို့၌ ဖွင့်လှစ်

မကွေး ဧပြီ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့ ဖိုလေးလုံးကျေးရွာ ဖိုးရာဇာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၁၂ ရက်က အဆိုပါကျေးရွာတွင် ကျင်းပရာ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းတိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်ဆောင်တို့က တက်ရောက်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်အတွက် အလှူရှင်များက သုတ၊ရသ၊မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံ၅၅၀၊ဗီရို၊စာကြည့်စားပွဲနှင့် ကုလားထိုင်စုစုပေါင်း ကျပ်နှစ်သိန်းတန်ဖိုး ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိအသင်း ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် ဓမ္မပူဇာဆက်ကပ်လှူဒါန်း

ပဲခူး ဧပြီ ၃

ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိအသင်းကြီး၏ (၅၉) ကြိမ်မြောက် ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် ဓမ္မပူဇာဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက်က ပဲခူးမြို့အာယုဝမုနကုသိုလ်ဖြစ် သံဃာ့ဆေးကုဌာနတွင် ကျင်းပရာ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် ဩဝါဒါစရိယ ကြခတ်ဝိုင်းဆရာတော် ဘဒ္ဒန္တဇောတိပါလနှင့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

ထို့နောက် မဇ္ဈိမနိကာယပါရဂူတန်း၌ ပဲခူးဝိနယာဓိက မဇ္ဈိမနိကာယ ပါရဂူဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးနှင့် ကျမ်းခွဲအရှင်သူမြတ်ငါးပါး၊ စာချတန်း၌ ကျမ်းခွဲအရှင်သူမြတ် နှစ်ပါး၊ အကြီးတန်းအောင် တစ်ပါး၊ ပထမလတ်တန်းအောင် ခုနစ်ပါး၊ ပထမငယ်တန်းအောင် ၁၀ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် ပန်းလှိုင်ဆရာတော် ဘဒ္ဒန္တသာသနက သီလပေးတရားနှင့် ဩဝါဒကထာချီးမြှင့်ပြီး ကြခတ်ဝိုင်းဆရာတော် ဘဒ္ဒန္တဇောတိပါလက ရေစက်ချတရားချီးမြှင့်တော်မူသည်။ ထို့နောက် စာအောင်သံဃာတော် အရှင်သူမြတ်တို့အား နာယကများ၊ ဥက္ကဋ္ဌနှင့်အကျိုးတော်ဆောင်များ၊ အလှူရှင်များက အလှည့်ကျဘွဲ့တံဆိပ်၊ အောင်လက်မှတ်၊ ဓမ္မပူဇာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ မအူပင်၌ကျင်းပ အကောင်းဆုံး ဆေးတိုက်ကျွေးသူများ ဆုချီးမြှင့်

မအူပင် ဧပြီ ၂

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဟောပြောပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက်၉နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပရာ မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မအူပင်ခရိုင် အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းဝေက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားပြီး မအူပင်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်အောင်ကျော်က တီဘီရောဂါ ကူးစက်ပြန့်ပွားမှုအကြောင်း ရှင်းလင်း ဟောပြောသည်။

ဆက်လက်၍ တီဘီရောဂါတိုက်ဖျက်ရေးဌာန၏ တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု အကောင်းဆုံး ဆေးတိုက်ကျွေးသူ ပထမဆုရ မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်လှလှဝင်း၊ ဒုတိယဆုရ မအူပင်မြို့နယ် မြို့မကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နော်ဖောထူး၊ တတိယဆုရ မအူပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်လဲ့လဲ့စန်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ **(၄၂၁)**

Ocean Gate
Training Centre
☎ 380130
ကွန်ပျူတာနှင့် ဘာသာစကား သင်တန်းများ
ဤဖြတ်ပိုင်းဖြင့် အပ်ပါက ၅၀% အထိ Discount ရရှိပါမည်။
အထူးစဉ်
ဖွင့်လှစ်နေပါပြီ။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ ခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး(ဘွဲ့ရ)ကျားနှစ်ဦး။ (အသက် ၃၀-၄၅နှစ်အတွင်း)
အိမ်ထောင်ရှိသူများ လာရောက် လျှောက်ထားနိုင်သည်။
၂။ ကြီးကြပ်ရေးမှူး(ဘွဲ့ရ)- ကျား နှစ်ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။ နယ်မဖြစ်ရမည်။

လိပ်စာ-အမှတ်၁၁၅၊ ရောလမ်း၊ စက်မှုဇုန်(၅) လှိုင်သာယာမြို့။ ဖုန်း-၇၀၆၅၃၃။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ၂၀၀၅ခုနှစ်ဧပြီလ ၁၃ရက် (ဗုဒ္ဓဟူးနေ့)မှ ၁၆ရက်(စနေနေ့)အထိ သင်္ကြန်ရက်များနှင့် ဧပြီ ၁၇ရက် (တနင်္ဂနွေနေ့) မြန်မာနှစ်သစ်ကူးနေ့သည် အများပြည်သူအလုပ်ပိတ်ရက်များဖြစ်ပါသဖြင့် ၎င်းနေ့များတွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

သင်္ကြန်ကား
09,80,22325,725317

Yan Aung
ကားမျိုးစုံ ငှားနိုင်ပါသည်။
(၂၄-နာရီ) ဝန်ဆောင်မှု
380291, 095107178

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၀
(ကွယ်လွန်သူ ဦးမောင်ပု ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၄)၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဦးမောင်ပုကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း အဆိုပါလိပ်စာတွင် နေထိုင်သူ ဒေါ်မရိယံဘိ ၁၂/မဂတ(နိုင်) ဝ၄၅၁၂၅က အမွေဆက်ခံရေးအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၅ ခုနှစ်၊ ဧပြီလ၂၅ရက်နေ့ (၁၃၆၇ခုနှစ်၊တန်ခူးလဆုတ် ၂ရက်) နံနက် ၁၀နာရီ အချိန်တွင်ကြားနာရန်ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဦးမောင်ပု၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို အမှုရင်ဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၅ခုနှစ်၊ ဧပြီလ ၂၅ရက်(၁၃၆၇ခုနှစ်၊ တန်ခူးလဆုတ် ၂ရက်) နံနက် ၁၀နာရီအချိန်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့် သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ဤရုံးတော်မှ လျှောက်ထားသူ ဒေါ်မရိယံဘိ ၏ လျှောက်လွှာအားကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၅ခုနှစ် ဧပြီလ ၆ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်(တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ကန့်ကွက်နိုင်ပါသည်

အမှတ်(၄)၊ ကွင်းကျောင်း(၃)လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ် ရန်ကုန်မြို့ရှိ အိမ်မြေဥပစာနေရာတွင် ပိုင်ရှင်များ ဖြစ်ကြသော ဦးအေးသောင်း ၁၂/အလန(နိုင်)၀၁၉၉၂၂နှင့်ဦးစိုးလှိုင် ၁၂/အလန(နိုင်) ၀၂၅၈၁၆နှင့် ကန်ထရိုက်တာ ဦးစိုးစိုး၁၂/စခန(နိုင်)၀၀၃၅၃၂၊ ဒေါ်စန်းစန်းမြင့် ၁၃/ညရန(နိုင်)၀၂၆၄၉၅တို့သည် နှစ်ခန်းတွဲ(၇)ထပ် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် ကတိစာချုပ် ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ အဆိုပါ ကန်ထရိုက်တိုက်ဆောက်လုပ်မည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ကန်ထရိုက်တိုက် ဆောက်လုပ်မည့်ကိစ္စကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ကန်ထရိုက်တာဦးစိုးစိုးနှင့် ဒေါ်စန်းစန်းမြင့်တို့၏
ညွှန်ကြားချက်အရ -

ဦးသိန်းညွန့်
B.A,H.G.P,R.L,D.B.L,D.M.L,D.I.L.
တရားရုံးချုပ်ရှေ့နေ
(စဉ်-၂၃၃၀၁)

ဒေါ်လှလှထွေး
L.L.B, D.B.L
အထက်တန်းရှေ့နေ
(စဉ်-၃၅၆၁)

ရုံး- MFTB ဘဏ်ရှေ့၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀-၂၂၁၆၀။

သတိပေးကြေငြာချက်

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်အမှတ်(၂၄၂)ကနောင်မင်းသားကြီးလမ်းတွင် တည်ရှိသော ရွှေမြသော် အဆင့်မြင့် စိုက်ပျိုးရေး စွမ်းအားစု ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးအိုက်ခမ်း၏ လွှဲအပ် ညွှန်ကြားချက်အရ သတိပေးကြေငြာအပ်ပါသည်။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် "ရွှေမြသော် အဆင့်မြင့် စိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီ လီမိတက်"မှ ထုတ်လုပ်ဖြန့်ဖြူးသော ကွန်ပေါင်းဓာတ်မြေဩဇာများအားရောင်းချပြီးနောက် ရရှိသော ငွေများကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းရန် ကျန်ရှိနေသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သိစေအပ် ပါသည်။

စဉ်	အမည်	နေရပ်လိပ်စာ	လုပ်ငန်း
၁	ဒေါ်ရွှေသွေး	မုံရွာမြို့	စိုက်ပျိုးရေးဆေးဆိုင်
၂	ဦးအောင်အောင်	ပခုက္ကူ	စိုက်ပျိုးရေးဆေးဆိုင်
၃	ဦးသန်းနိုင်ဝင်း	ရန်ကုန်	၈/ပခန(နိုင်)၀၀၀၁၅၂

သို့ဖြစ်ပါ၍ အထက်ပါ ပုဂ္ဂိုလ်များသည် ကုမ္ပဏီသို့ ပေးဆပ်ရန်ရှိသည့် ဓာတ်မြေဩဇာဖိုးငွေ အားလုံးကို(၂၂-၄-၂၀၀၅)ရက်နောက်ဆုံးထား၍လာရောက်ပေးဆပ်ပါရန် လူကြီးမင်းတို့အား သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်(၂၂-၄-၂၀၀၅)ရက်ကျော်လွန်ခဲ့ပါက လူကြီးမင်းတို့၏ မည်သည့်အကြောင်းပြချက်ကိုမျှ ကုမ္ပဏီမှ လက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါကြောင်းနှင့် လူကြီးမင်းတို့အပေါ် တရားဥပဒေနှင့် အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အသိပေး ကြေငြာအပ်သည်။

ညွှန်ကြားချက်အရ -

ဦးဝင်း
(စဉ် - ၄၃၆၃)
BA (Law) LLB
အထက်တန်းရှေ့နေကြီး။

ဧပြီ ၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော့သောင်းမြို့အေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်၏ မှန်ကန်သော ခေါင်းဆောင်မှုအောက်၌ ပြည်သူများ ညီညီညွတ်ညွတ်ပူးပေါင်း၍အောင်မြင်

❐ ဒို့တာဝန်အရေးသုံးပါးကိုအခြေခံ၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အင်အားစုသုံးရပ် ပေါင်းစည်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်သွားကြရမည်၊

❐ ကော့သောင်းမြို့အပါအဝင် အလားတူ နယ်စပ်ဒေသမြို့များဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူးတို့သည်လည်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိ၊

❐ ယင်းသို့ တိုးတက်မှု အောင်မြင်မှုများရရှိနေသည်မှာ နိုင်ငံတော်၏ မှန်ကန်သော ခေါင်းဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ညီညီညွတ်ညွတ် ယုံယုံကြည်ကြည် ချမှတ်ပေးထားသည့် အစီအမံများအတိုင်း ကြိုးစားပမ်းစား ပူးပေါင်းဆောင်ရွက်ကြ၍ဖြစ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ပြန်လည် ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff˚) Senior Lieutenant General, Phung Quang Thanh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် **(Chief of General Staff˚) Senior Lieutenant General, Phung Quang Thanh** အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်တွင် ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး